### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ**

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၄)၊ အမှတ်(၂၃၂)
၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ သောကြာနေ့

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား မြန်မာနိုင်ငံ၏ပထမဦးဆုံးကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ဝင်ရောက်ခဲ့သည့်အတွက် အဘက်ဘက်မှကူညီပံ့ပိုးပေးသူများအား ကျေးဇူးတင်လွှာ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၂)ရက်နေ့မှ (၇)ရက်နေ့အထိ ပါရာဂွေးသမ္မတနိုင်ငံ၊ အာဆွန်စီယွန်မြို့တွင် ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက် “Intergovernmental Committee for the Safeguarding of the Intangible Cultural Heritage” အစည်းအဝေးတွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရောက်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ပုဂံအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့၊ ပုဂံမြို့အာနန္ဒာမြတ်စွာဘုရားကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ဗိုလ်တထောင်မြို့နယ်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီအစည်းအရုံး၊ မြန်မာနိုင်ငံပန်းပုအစည်းအရုံး၊ ဝိသာခါဖောင်ဒေးရှင်း၊ TMW Enterprise Limited၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက် (ရန်ကုန်)၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့ (ဗဟန်းမြို့နယ်)၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်း၊ **စာမျက်နှာ ၅ ကော်လံ ၁** ❖

## မသန်စွမ်းအားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်နှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဦးစွာ မသန်စွမ်းရေကူး(အမျိုးသား/အမျိုးသမီး) မီတာ(၅၀) အလွတ်ကူးပြိုင်ပွဲနှင့် ရင်ပေါ်တန်းကူးပြိုင်ပွဲတို့၏ ဗိုလ်လုပွဲပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ယှဉ်ပြိုင်ကစားကြရာ **စာမျက်နှာ ၁၆ ကော်လံ ၁** ➪



မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

### အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများတွေ့ဆုံ

စာ - ၁၅ သို့

### ဆောင်းပါး

လူငယ်နှင့် သမိုင်းပေးတာဝန်

စာ - ၁၃ သို့



# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်)

## မြန်မာနိုင်ငံ၏ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ

ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှ ၇ ရက်အထိကျင်းပသည့် (၁၉)ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် ဒီဇင်ဘာလ ၅ ရက်၌ တရားဝင်ဆုံးဖြတ်ခဲ့သည်။ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး တရားဝင်ပါဝင်နိုင်ခဲ့ပြီဖြစ်သည်။

ထိုသို့ပါဝင်နိုင်ရေးအတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (MCHT) သည် Living Myanmar Media Group၊ Ko Hein's Vlog စသည့် သတင်းမီဒီယာများနှင့်ပူးပေါင်းကာ မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတွင်ပါဝင်နိုင်ရေး မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့်ပတ်သက်သည့် အဆိုပြုစာလွှာကို ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီသို့ ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်တွင် ပေးပို့တင်သွင်းခဲ့ခြင်း ဖြစ်သည်။ ထိုသို့တင်သွင်းနိုင်ခြင်းမှာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အပါအဝင် မြန်မာနိုင်ငံမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအသင်းအဖွဲ့များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စသည်ဖြင့် သက်ဆိုင်ရာအားလုံး၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်း အဓိကကဏ္ဍတွင်ပါဝင်ခဲ့သည်။

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခြင်း အားဖြင့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာကပိုမိုသိရှိလာနိုင်ခြင်း၊ မျိုးဆက်သစ် နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက်ထိန်းသိမ်း ကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏အသိအမြင် ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံကောင်းများနှင့် အခွင့်အလမ်းကောင်းများပိုမိုရရှိလာစေခြင်း စသည့်အကျိုးကျေးဇူးများ ပိုမိုရရှိလာမည်ဖြစ်သည်။

မြန်မာ့ရှေးဟောင်းမြို့ပြနိုင်ငံများတွင်တွေ့ရှိခဲ့သည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု အမွေအနှစ် အထောက်အထားများ၊ စာပေအထောက်အထားများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ခေတ်ပြိုင်မှတ်တမ်းများအရ မြန်မာလူမျိုးများသည် ရှည်လျားသည့်သမိုင်းကြောင်းတစ်လျှောက်တွင် ဘာသာစကားဆိုင်ရာအဆုံးအမ များ၊ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များဖြင့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုတစ်ခုကို ခြေခြေမြစ်မြစ်ထူထောင်ခဲ့ကြသည်။ မြန်မာတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစွာနေထိုင်လာခဲ့ကြသည့်လူမျိုးအဖြစ် ခိုင်မာစွာတွေ့ရှိရသည်။

မြန်မာနိုင်ငံ၌ရှိသည့် ဒြပ်ရှိယဉ်ကျေးမှု၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာတိုင်းရင်းသား အားလုံးက အမျိုးသားရေးအသိ၊ အမျိုးသားရေးတာဝန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များထဲမှ အစောဆုံးယဉ်ကျေးမှုထွန်းကားခဲ့သည့် ပျူမြို့ဟောင်း သုံးမြို့ဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်တို့သည် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရပြီးဖြစ်သည်။ ထို့ပြင် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၈ ခုကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အနေဖြင့် မူဝါဒချမှတ်ပေးခြင်း၊ နယ်မြေအပိုင်းအခြားများသတ်မှတ်ပေးခြင်း၊ ထိထိရောက်ရောက် ကာကွယ် စောင့်ရှောက်ပေးနိုင်ရန် ဥပဒေ၊ နည်းဥပဒေများကိုပြင်ဆင်ပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရှေးဟောင်းနေရာ၊ ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းပစ္စည်းများကိုမပျောက်ပျက် မဆုံးရှုံးစေရေး လိုအပ်သည်များကြီးကြပ်ညွှန်ကြားပေးလျက်ရှိသည်။ ဒြပ်ရှိ ဒြပ်မဲ့များ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအသေးများနှင့် မရွှေ့ပြောင်းနိုင်သည့်အဆောက်အအုံကြီးများအပြင် ကျယ်ပြန့်ပြီး အဆောက်အအုံ များစွာရှိသည့် ရှေးဟောင်းအမွေအနှစ်ဒေသများကိုပါ ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံစုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည်နှင့်အညီ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များလည်း ထောင်ပေါင်းများစွာရှိသည်။ ဘာသာစကားများ၊ ပုံပြင်များ၊ ရိုးရာလက်မှု ပညာရပ်များ၊ ဓလေ့ထုံးစံများ၊ အနုပညာရပ်များအားလုံးသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တာဝန်ရှိသူများက စာရင်းကောက်ယူမှတ်တမ်းတင်ထားသည့် ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ပေါင်း ၂၂၈၉ ခုကို သတ်မှတ်ထားပြီးဖြစ်ကြောင်း သိရှိရသည်။ မြန်မာ့အမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းသည် နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပေရာ ကျန်ရှိနေသည့် ဒြပ်မဲ့အမွေအနှစ် များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံနိုင်ရေးဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ပါ ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင် ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေး နိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက် မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန် ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူ အား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၁၂-၂၀၂၄(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၀၆:၀၃ | တရားတော် |
| ၃။ | ၀၇:၂၅ | ဓမ္မပူဇာတေး |
| ၄။ | ၀၇:၃၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၀၇:၄၀ | မျိုးချစ်တပ်မတော် |
| ၆။ | ၀၇:၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇။ | ၀၈:၂၅ | နှစ်(၇၀)ကျော်ကြားတေးများ |
| ၈။ | ၀၉:၁၀ | အမျိုးသားရေးတေးကဗျာ |
| ၉။ | ၁၀:၅၀ | ကျန်းမာသုတ |
| ၁၀။ | ၁၂:၁၅ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၁၁။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ |
| ၁၂။ | ၁၄:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၃။ | ၁၆:၀၆ | တစ်ပတ်အတွင်းစာပေနှင့် အနုပညာသတင်း |
| ၁၄။ | ၁၆:၄၅ | သီချင်းလက်ဆောင် |
| ၁၅။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၆။ | ၁၉:၀၀ | ယှဉ်ပြိုင်နွှဲပျော်အမျိုးသားအားကစား ပွဲတော် |
| ၁၇။ | ၁၉:၃၀ | (၃၈)ဖြာမင်္ဂလာ ပူဇာစပူဇနေယျာနံ |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဝန်ကြီးဌာနကိုယ်စားပြုယှဉ်ပြိုင်မည့် အားကစားသမားများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တွေ့ဆုံ





နေပြည်တော် ဒီဇင်ဘာ ၅

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု ယှဉ်ပြိုင်မည့် အားကစားသမားများ တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူများနှင့် အားကစားမောင်မယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ကချမှတ်ထားသည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"ဟူသည့် လူမှုရေးဦးတည်ချက်ပါ ပြဋ္ဌာန်းချက်အရ လူတိုင်းအတွက် သက်ရှည်ကျန်းမာရေးသည် အဓိကကျပြီး အားကစားပြုလုပ်ခြင်းကြောင့် တစ်ကိုယ်ရေကျန်းမာရေး အကျိုးရလဒ်ရရှိခြင်းအပြင် အသင်းအဖွဲ့နှင့် ဆောင်ရွက်ရခြင်းကြောင့် အချင်းချင်း စည်းလုံးညီညွတ်စေသည့် စုပေါင်းစိတ်ဓာတ်ကိုလည်း ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များက အားကစားနည်းအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ကြီးဌာနကိုယ်စားပြုပြိုင်ပွဲဝင်မည့် အားကစားသမားများ အသုံးပြုမည့်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားတွင်ချီတက်မည့် ဝန်ကြီးဌာနအသင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အလုပ်သမားဝန်ကြီးဌာနမှ ဂေါက်သီးရိုက်အားကစားနည်း၊ ဖူဆယ်အားကစားနည်း၊ ပိုက်ကျော်ခြင်းအားကစားနည်းနှင့် ပြေးခုန်ပစ်အားကစားနည်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတက်ရောက်





နေပြည်တော် ဒီဇင်ဘာ ၅

၂၀၂၄ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားများကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း။

ယခုနှစ်ဆောင်ပုဒ်မှာ **"အမျိုးသမီးများအပေါ်အကြမ်းဖက်မှုရပ်တန့်ဖို့ အားလုံးပေါင်းစုကြိုးပမ်းလို့ ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် နှစ်(၃၀) ပြည့်ဆီ အရောက်လှမ်းစို့"** ဖြစ်ပြီး ဆောင်ပုဒ်၏ အဓိကအလေးပေးလိုသည့်အချက်မှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုရပ်တန့်ရန်အတွက် ကျူးလွန်သူကို လုံးဝလွတ်မြောက်ခွင့်မပေးဘဲ ထိရောက်သည့် ပြစ်ဒဏ်ပေးခြင်း၊ ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်မပေးခြင်းအပြင် အကြမ်းဖက်ခံရသူအမျိုးသမီးများအတွက် ဥပဒေဖြင့်အကာအကွယ်ရယူရန် တရားရေးဆိုင်ရာ ဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းတို့ကို အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် ပြည်သူအားလုံးကပူးပေါင်းဆောင်ရွက်ကြရန် လှုံ့ဆော်ပေးခြင်းဖြစ်ကြောင်း၊ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ Video Clip ကို ပြသခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။ (၅၀၀)

# ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၅

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Max Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မုံရွာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ အရာရှိကြီးများ၊ Naypyitaw State Academy (NSA)၊ မန္တလာတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်နှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းသင်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းဆိုင်ရာသက်မွေးပညာရပ်ကို ဒီပလိုမာအဆင့်၊ ဘွဲ့ဒီဂရီအဆင့်ထိ ပေးအပ်နိုင်ရန် ရည်ရွယ်ထားရှိကြောင်း၊ လက်တွေ့လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နေသူများနှင့် တက္ကသိုလ်အဆင့်ဘွဲ့ဒီဂရီရယူလိုသူများကို သက်မွေးပညာကဏ္ဍမှ ပေါင်းကူးဆက်သွယ်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် အသက်မွေးဝမ်းကျောင်းပညာရပ်ကို စနစ်တကျမြှင့်တင်ခြင်းအားဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း၌ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်ခြင်း၊ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို တိုးပွားလာနိုင်ခြင်းနှင့် အလုပ်လက်မဲ့ ဖြစ်မှုကို လျှော့ချနိုင်ကာ တိုင်းပြည်၏ကုန်ထုတ်စွမ်းအား၊ စီးပွားရေးနှင့် နိုင်ငံ့ဝင်ငွေမြှင့်တင်ခြင်းတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မုံရွာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီလာမြင့်ထူးက မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းအခြေအနေ၊ ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် အခွင့်အလမ်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးပညာရပ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းကျောင်းတည်ထောင်ရေးနှင့် စပ်လျဉ်းသော လိုအပ်ချက်များ၊ အဖွဲ့အလိုက်ဆွေးနွေးမည့် ခေါင်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲအစီအစဉ်များအရ အဖွဲ့ငါးဖွဲ့ခွဲ၍ သက်ဆိုင်ရာခေါင်းစဉ်များဖြင့် အဖွဲ့လိုက်ဆွေးနွေးခြင်း၊ စကားဝိုင်းဆွေးနွေးခြင်းနှင့် မေးခွန်းများမေးမြန်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အလုပ်ရုံဆွေးနွေးပွဲရလဒ်များကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အလုပ်ရုံဆွေးနွေးပွဲရလဒ်များနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# ကွန်ပျူတာတက္ကသိုလ်(သထုံ) ကျောင်းသား၊ ကျောင်းသူများ၏ ဒေသအကျိုးပြု Project Show ပြပွဲကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၅

ကွန်ပျူတာတက္ကသိုလ်(သထုံ) ကျောင်းသား၊ ကျောင်းသူများ၏ ဒေသအကျိုးပြု Project Show ပြပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်သည်။ ရှေးဦးစွာ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသူလေးများက မွန်ရိုးရာအကဖြင့် ကပြဖျော်ဖြေပြီး ကျောင်းသား၊ ကျောင်းသူများက Project တစ်ခုချင်းအလိုက် Presentation များရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က Project Show အတွက် ထောက်ပံ့ချီးမြှင့်ငွေပေးအပ်ရာ ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ်က လက်ခံရယူသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် Project Show ၁၂ ခု၏သရုပ်ပြသမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

ကျွန်တော့်မှာ ပြည်နယ်မှရောက်ခါစဖြစ်၍ ရန်ကုန်မြို့၌ သွားတတ်လာတတ်မရှိသေး။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ပညာရေးမှူးရုံး၌ (Duty report)တင်ရင်း မိမိတာဝန်ကျရာကျောင်းသို့ ကားစီးရမည့်ခရီးစဉ်ကို ရုံးတွင်မေးကြည့်လိုက်၏။ "ယောက်ကော်မှတ်တိုင်မှ ၇၇ ကားကို စီးသွားလိုက်ပါ။ ကျောင်းလမ်းမှတ်တိုင်ရောက်လျှင်ဆင်းပါ"ဟု ရုံးက ညွှန်ပြလိုက်ပါ၏။ ကျွန်တော့်မှာ မိမိတာဝန်ကျရာကျောင်းကို ရောက်လိုစိတ်ပြင်းပြနေပေရာ မြို့နယ်ပညာရေးမှူးရုံးရှေ့ရှိ "ယောက်ကော်မှတ်တိုင်"တွင်ပဲ ကားစောင့်နေလိုက်သည်။ သိပ်တောင်မကြာ ၇၇ ကား ရောက်ရှိလာသည်။ တခြားခရီးသည်များနှင့်ရောပြီး ကျွန်တော် တက်စီးလိုက်သည်။ ကျွန်တော့်မှာ တစ်ခါမျှ မသွားဖူးသောခရီးဖြစ်၍ ယာဉ်နောက်လိုက်၏ မှတ်တိုင်ခေါ်သံကို အာရုံစူးစိုက်ပြီးလိုက်ပါလာ၏။ ၇၇ ကားကတော့ တစ်မှတ်တိုင်ပြီး တစ်မှတ်တိုင်ရပ်လိုက်ပြေးလိုက်နှင့် သူ့ခရီးသူပြေးနေပေသည်။

"ကျောင်းလမ်း ကျောင်းလမ်း" ယာဉ်နောက်လိုက်အော်သံအဆုံးတွင် ၇၇ ကား ထိုးရပ်သွား၏။ ကျွန်တော်လည်း ခရီးသည်များနှင့်အတူ အိတ်ကြီးတစ်လုံးကိုလွယ်လျက် အူယားဖားယား ပြေးဆင်းလိုက်သည်။ ကိုယ်တာဝန်ထမ်းဆောင်မည့်ကျောင်းကို တွေ့လိုလှပေပြီ၊ မြင်လိုလှပေပြီ။ မှတ်တိုင်အနီးမှာ ဂိတ်ထိုးထားသော ဆိုက်ကားဆရာကို ကျောင်းရှိသည့်နေရာ မေးကြည့်လိုက်၏။ ဆိုက်ကားဆရာက လမ်းနောက်ကျောတွင်ရှိကြောင်း လက်ညှိုးညွှန်ပြလိုက်သည်။ ကျွန်တော့်မှာ ကျောင်းသို့ရောက်လိုစိတ်က ပြင်းပြနေပေရာ လမ်းသွယ်ထဲသို့ ခပ်သွက်သွက်ပဲ လျှောက်သွားလိုက်သည်။

ဟော ... လှမ်းမြင်နေရပေပြီ။ ကျောင်းက အကြီးကြီးပဲ။ ကျောင်းက တိုက်ကျောင်းကြီး သုံးဆောင်ကြီးများတောင်။ ကျွန်တော် ကျောင်းကြီးကိုကြည့်ပြီး ပျော်သွား၏။ ကျွန်တော် ပြည်နယ်မှာ နှစ်ပေါင်း ၂၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး ကျောင်းငါးကျောင်းအထိ ပြောင်းရွှေ့ခဲ့ဖူးသည်။ ကျေးလက်ဒေသဖြစ်၍ သစ်သားကျောင်းလေးများသာဖြစ်သည်။ အ.မ.က ငန်းတောင်ရွာမှာဆိုလျှင် ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့တုန်းက ကျောင်းဆောင်ဟူ၍ပင်မရှိသေး။ ဘုန်းတော်ကြီးကျောင်းမှာ စာသင်ပြခဲ့ရသည်။ သိပ်မကြာ ကျောင်းရှေ့သို့ ကျွန်တော်ရောက်သွားခဲ့သည်။ ကျောင်းဆိုင်းဘုတ်ကြီးကို ကျွန်တော် မော့ကြည့်လိုက်၏။ "ဟင်" ကျွန်တော့်မှာ ရင်ထိတ်နေရသည့်အထဲ အံ့သြမှုကပါ ရောစွက်ဝင်ဖက်သွားခဲ့လေပြီ။ "အမှတ်(၁၁)အခြေခံပညာ



မူလတန်းကျောင်း" ဆိုပါလား။ ကျွန်တော်တာဝန်ထမ်းဆောင်ရမည့်ကျောင်းမဟုတ်ပါ။ ကျွန်တော်လာလမ်းအတိုင်း ချက်ချင်းပြန်လှည့်ထွက်လာခဲ့၏။ လမ်းထိပ်က ဆိုက်ကားဆရာကိုပဲ ပြန်မေးလိုက်သည်။ ဆိုက်ကားဆရာက ရှေ့တစ်မှတ်တိုင်ကျော်မှာလည်း ကျောင်းလမ်းမှတ်တိုင်တစ်ခုရှိသေးကြောင်း ပြန်ပြောလိုက်သည်။ ကျွန်တော် ဇဝေဇဝါဖြစ်သွားသည်။ ဒဂုံ(တောင်) လှော်ကားလမ်း ယာဉ်ပြေးလမ်းကြောင်းတစ်ခုတည်းမှာ အလယ်က မှတ်တိုင်လေးတစ်ခုသာခြားပြီး ကျောင်းလမ်းမှတ်တိုင်နှစ်ခုက ချိန်ခွင်လျှာလိုဖြစ်နေသည့်သဘောပါလား။

ကျွန်တော့်မှာ ကျောင်းလမ်းမှတ်တိုင်မှာပဲ စိတ်မသက်မသာနဲ့ ၇၇ ကားကို ဆက်စောင့်လိုက်၏။ ဟော ... လာပြန်ပြီ ၇၇ ကားတစ်စီး။ အံ့ခဲပြွတ်သိပ်လိုက်ပါလာကြသော မြို့သစ်ခရီးသည်များကြားတွင် နောက်မြီးဆွဲခရီးသည်အဖြစ် ကျွန်တော်တွယ်ချိတ်တက်လိုက်ပြန်၏။ သိပ်မကြာ ၇၁ ဈေးမှတ်တိုင်ဆိုသည်ကိုရောက်လာ၏။ ဒိုင်နာကားလေးမှာ ခရီးသည် တင်ချပြုလုပ်ပြီး ဆက်ထွက်ပြန်သည်။ လမ်းထိပ်တစ်ခုသို့အရောက်တွင် ယာဉ်နောက်လိုက်က "ကျောင်းလမ်း ကျောင်းလမ်း"ဟု အော်ပြန်၏။ ဤကျောင်းလမ်းကတော့ သေချာပေါက် ကိုယ့်ကျောင်းလမ်းဖြစ်ပြီဟု ယတိပြတ်ဆုံးဖြတ်ကာ ကားပေါ်မှဆင်းလိုက်၏။ လမ်းထိပ်တွင်ရပ်ထားသော ဆိုက်ကားဆရာတစ်ယောက်ကို တွေ့လိုက်ရပြီး ကျောင်းရှိသည့်နေရာကို မေးလိုက်ပြန်၏။ ဆိုက်ကားဆရာက ရှေ့နားလေးပဲဟု လက်ညှိုးညွှန်ပြသည်။

ကျွန်တော့်မှာ အမြွာကျောင်းလမ်းမှတ်တိုင်နှစ်ခုကြောင့် စိတ်ထဲမှာ ဘဝင်မကျစွာ ခံစားနေရရာ "ဒီလမ်းက ကျောင်းလမ်းလား"ဟု မေးဖြစ်လိုက်၏။ ဆိုက်ကားဆရာက ခေါင်းခါပြီး "ငုဝါမြိုင်လမ်း" ဖြစ်ကြောင်းပြောပြ၏။ တစ်ခုခုတော့လွဲနေပြီဟု ကျွန်တော် ခံယူလိုက်၏။ ဩစိမ်းခရီးသည်သစ်များကို ဒုက္ခပေးနေသည့် ကျောင်းလမ်းမဟုတ်သော ဤကျောင်းလမ်းအမည်ကို ပြောင်းလဲသင့်ပေသည်ဟု ကျွန်တော့်စိတ်တွင် တေးမှတ်ထားလိုက်သည်။ ကျွန်တော် ကျောင်းတည်ရှိရာသို့ ဆက်လျှောက်လာခဲ့သည်။ လမ်းတစ်လျှောက်လုံး ညီညာသော မြေပြင်ဟူ၍လုံးဝမရှိ။ အုတ်နီခဲအပိုင်းအကျိုးများကို ဖြစ်သလိုဖြန့်ခင်းထား၏။ စက်ဘီးနင်း၍မရ။ ဆိုက်ကားသွား၍မလွယ်။ ကျောင်းသားလူငယ်များ ကျောင်းသွား၊ ကျောင်းပြန် လွန်စွာအခက်အခဲရှိနိုင်သည်ဟု နားလည်လိုက်၏။

ပေ ၂၀၀ ခန့် လျှောက်လိုက်လျှင်ပင် ကျွန်တော် အလွန်အမင်းရောက်လိုစိတ်ပြင်းပြနေသော ကျောင်းကို တွေ့လိုက်ရပေပြီ။ "အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်း"ပေတည်း။ ကျောင်းဆောင်ကြီးက နှစ်ဆောင်။ တိုက်ကျောင်းကြီးတွေ။ ကျောင်းဆောင်များမှာ လမ်းနှင့်ခပ်လှမ်းလှမ်းတွင် တည်ရှိနေကြသည်။ လမ်းနှင့်ကျောင်းဆောင်များကြားတွင် ရေအိုင်ကြီး ကာဆီးနေသည်။ ကျွန်တော် အလုပ်ဝင်ရသည်မှာ ဩဂုတ်လ မိုးတွင်းကြီးပင်ဖြစ်သည်။ လူကြီးတစ်ယောက် ကလေးကိုကျောပိုးပြီး ရေအိုင်ကို ဖြတ်လျက် ကျောင်းပို့နေသည်ကို လှမ်းမြင်လိုက်ရသည်။ ရေအနက်က လူကြီးဒူးခေါင်းလောက်အထိ မြင့်တက်နေသည်။ ကျွန်တော်သည်လည်း ပုဆိုးကို ဒူးအထက်နားထိ မတင်ပြီး ရေထဲသို့ ဆင်းလျှောက်လိုက်၏။ ကျွန်တော့်ရင်ထဲမှာ ဝေဒနာတစ်ခု ချက်ချင်းဖြစ်တည်သွားပြန်သည်။ ကျောင်းအဝင်လမ်းကိုလည်း ကလေးများ ဝင်ထွက်၍လွယ်ကူစေရန် လုပ်သင့်သည်ဟု အာရုံထဲရောက်သွား၏။

အ.မ.က(၂၃)တွင် ယခင်ဆရာကြီး သက်ပြည့်ပင်စင်ယူသွား၍ တာဝန်ခံဆရာက ကျောင်းအုပ်တာဝန်များကို ဆောင်ရွက်နေရသည်။ လက်ထောက်ဆရာ၊ ဆရာမ ၁၃ ဦးရှိသည်။ ကျောင်းသား ၄၀၀ ကျော်သည်ဟုသိရ၏။ ကျွန်တော် ဆရာ၊ ဆရာမများနှင့် မိတ်ဆက်ပြီး ကျောင်းကိုလိုက်ကြည့်လိုက်၏။ ကျောင်းဆောင်နှစ်ဆောင်စလုံးတွင် စာသင်ခန်းတစ်ခန်းနှင့်တစ်ခန်း သီးခြားကာရံထားသော ခန်းဆီးထရံများမရှိကြပါ။ ကျောင်းဝရန်တာများပြိုပျက်နေပြီး သစ်သားချောင်းများ တိုးလိုးတန်းလန်းဖြစ်နေကြ၏။ တချို့တံခါးပေါက်များ ပျက်စီးယိုယွင်းကုန်ကြပြီ။ တချို့မှာ တံခါးဘောင်နှစ်ချပ်တွင် တစ်ချပ်သာရှိပြီး တစ်ခြမ်းပဲ့ တံခါးပေါက်၊ ပြတင်းပေါက်များဖြစ်နေကြ၏။ ကျွန်တော် ကျောင်းဝင်းအနှံ့လိုက်ကြည့်လိုက်ပြန်၏။ မြက်တောစိမ်းစိမ်းကြီးက မြရည်လိမ်းလျက် မြစိမ်းရောင်ကမ္ဗလာကြီးကို လွှမ်းခြုံထားဘိသို့ရှိချေ၏။

ဟော ... အထူးအရေးကြီးသည်က ကျောင်းဝင်းတစ်ခုလုံး အဆီးအတား၊ အကာအရံဟူ၍ လုံးဝမရှိခြင်းပင်။ စတုဒိသာလေးမျက်နှာမှ လာလာသမျှသော တိရစ္ဆာန်များသည် ကြုံရာနေရာဝင်ကြ၏။ တွေ့ရာနေရာကထွက်ကြ၏။ ကျွန်တော့်မှာ ပစ္စက္ခကျောင်းမြင်ကွင်းကိုကြည့်ပြီး ရင်ထဲမကောင်းဖြစ်သွား၏။ ဤသည်အထဲတွင် အရမ်းအထူးအဆန်းကြီးဖြစ်နေသည်က ကျောင်းသား၊ ကျောင်းသူများအတွက် သောက်ရေမရှိခြင်းပင်။ ကလေးများမှာ ရေဆာလာလျှင် အနီးရှိ ဘုန်းတော်ကြီးကျောင်းသို့ ပြေးပြေးလွှားလွှားသွားပြီး ရေတောင်းသောက်ကြရသည်ဆို၏။ ဤကိစ္စအတွက် ကြီးစွာသောစိတ်မကောင်းဖြစ်ခြင်းသည် ကျွန်တော့်ရင်၌ဖြစ်ပေါ်၏။ ၁၉၉၆ ခုနှစ် မြို့သစ်တည်ထောင်စကတည်းက ကျောင်းတည်လာခဲ့သည်မှာ ယခု ၂၀၀၃ ခုနှစ်ဆိုလျှင် ခြောက်နှစ်တင်းတင်းရှိပေပြီ။ ယခုထိ သောက်ရေမရသေး။ **ဆက်လက်ဖော်ပြပါမည်။**

---

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ငှက်ပျောဈေးကွက်ကောင်းမွန်သဖြင့် စိုက်ပျိုးသူများအကျိုးအမြတ်ရရှိ

ပွင့်ဖြူ ဒီဇင်ဘာ ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ငှက်ပျောဈေးကွက်ကောင်းမွန်သဖြင့် ငှက်ပျောစိုက်ပျိုးသူများ သီးနှံဝင်ငွေအကျိုးအမြတ်ရရှိ၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်က ဒေသခံတောင်သူတွေက စိုက်ပျိုးရေးအဆင်ပြေတဲ့အတွက် သီးနှံဝင်ငွေတိုးပွားအောင် ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြတယ်။ တောင်သူအများစုက ဈေးကွက်အခြေအနေပေါ်မူတည်ပြီး ရေမြေဒေသနဲ့ကိုက်ညီတဲ့ ငှက်ပျောတွေကို ရွေးချယ်စိုက်ပျိုးကြပါတယ်။ အဓိကစိုက်ပျိုးတဲ့ ငှက်ပျောကတော့ ဖီးကြမ်းငှက်ပျော၊ ငှက်ပျောချဉ်၊ ရခိုင်ငှက်ပျော၊ သီးမွှေးငှက်ပျောတို့ကို စိုက်ပျိုးကြတယ်။ ဖီးကြမ်းငှက်ပျောက လူကြိုက်များလို့ အရောင်းသွက်ပြီး ဈေးပိုရတဲ့အတွက် တောင်သူအများစုက တခြားငှက်ပျောတွေထက် ပိုပြီးစိုက်ပျိုးကြတယ်။ ဒီနှစ် ငှက်ပျောဈေးကွက်ကလည်းပြန်ကောင်းလာတော့ ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းက အဆင်ပြေတယ်" ဟု ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ ဖီးကြမ်းငှက်ပျောစိုက်ပျိုးသည့် ဒေသခံတောင်သူတစ်ဦးကပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မုန်းချောင်းရေနှင့် မြေအောက်ရေကို စနစ်တကျအသုံးပြုပြီး သီးနှံဝင်ငွေတိုးပွားရေးအတွက် ဒေသနှင့်ကိုက်ညီသည့် ဖီးကြမ်းငှက်ပျော၊ ငှက်ပျောချဉ်၊ သီးမွှေးငှက်ပျော၊ ရခိုင်ငှက်ပျောတို့ကို တစ်နှစ်ပတ်လုံး စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ စိုက်ပျိုးထွက်ရှိသောငှက်ပျောများကို ခြံအထိလာရောက်ဝယ်ယူကြသည့် သီးနှံကုန်သည်များနှင့် လက်လီ၊ လက်ကား ဝယ်ယူသူများအား ဖြန့်ဖြူးရောင်းချပေးသကဲ့သို့ မင်းဘူး၊ မကွေး၊ ရန်ကုန်၊ မန္တလေးမြို့တို့သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရ



နေပြည်တော် ဒီဇင်ဘာ ၅

ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှ ၇ ရက်အထိ ကျင်းပပြုလုပ်လျက်ရှိသည့် (၁၉)ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မြန်မာနိုင်ငံ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အဆိုပြုတင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်" စာတွဲအား ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity)တွင် ပါဝင်နိုင်ရေး တရားဝင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ ယခုဆိုလျှင် မြန်မာနိုင်ငံမှတင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်"သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးတရားဝင် ပါဝင်နိုင်ခဲ့ပြီဖြစ်သည်။

ထိုကဲ့သို့ပါဝင်နိုင်ရန်အတွက် ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်တွင်မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့်ပတ်သက်သော အချက်အလက်များ၊ မြန်မာပြည်သူလူထု၏ ပြောကြားချက်များ(Communities' Statement)၊ အတာသင်္ကြန်ဆင်နွှဲမှု ရိုးရာဓလေ့ဆိုင်ရာ ရုပ်သံမှတ်တမ်းဗီဒီယိုဖိုင်များ ပါဝင်သောအဆိုပြုစာတွဲ (Nomination File)ကို UNESCO ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီ(Committee of Intangible Cultural Heritage) သို့ ပေးပို့တင်သွင်းခဲ့သည်။ တင်သွင်းသည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ပံ့ပိုးကူညီမှုများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ စုစည်းဆောင်ရွက်မှုများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လူမှုအဖွဲ့အစည်း (NGO)များ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ မီဒီယာနှင့် ဆိုရှယ်မီဒီယာသုံးစွဲသူများ၊ မြန်မာ့ရိုးရာ အမွေအနှစ်ကို အမြတ်တနိုးတန်ဖိုးထားသည့် ပြည်သူများနှင့်သက်ဆိုင်ရာ ပညာရှင်/အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။

"မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခြင်းအားဖြင့် ပုဂံခေတ်ကာလမှ ယနေ့အထိ ခေတ်အဆက်ဆက်မှ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာတို့၏ "မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်"ကို ကမ္ဘာက ပိုမိုသိရှိလာခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ပိုမိုဆွဲဆောင်လာနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်ခြင်း၊ မျိုးဆက်သစ်နောင်လာ နောက်သားများကို လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက် ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အသိအမြင် ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသောဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံကောင်းများနှင့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (၅၀၀)

❖ ရှေ့ဖုံးမှအဆက်

ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့် အသင်းအဖွဲ့များ၊ ကူညီပံ့ပိုးသူများအားလုံးတို့အားလည်းကောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အတွက် လိုအပ်သည့် သင်္ကြန်မှတ်တမ်းများနှင့် နောက်ခံစကားပြော ပံ့ပိုးကူညီဆောင်ရွက်ပေးသောပြန်ကြားရေးဝန်ကြီးဌာနနှင့် Living Myanmar Media Group အားလည်းကောင်း၊ အဆိုပြုစာတွဲများတင်သွင်းရာတွင် လိုအပ်သည့် ဘာသာပြန်ဆိုဆောင်ရွက်ပေးခဲ့သော ပညာရေးဝန်ကြီးဌာန ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပြင်သစ်ဘာသာဌာနအားလည်းကောင်း၊ အဆိုပြု စာတွဲတင်သွင်းရေးအတွက်သတင်းနှင့်နည်းပညာအချက်အလက်များဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စတင်ခဲ့ကြသည့် ပုဂံခေတ်ကာလမှယနေ့အထိ လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြသည့် မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့အားလည်းကောင်း ဤစာဖြင့်ဖော်ပြရာတွင် မပါဝင်ခဲ့သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ကူညီဆောင်ရွက်ပေးသူများအားလုံးတို့ကိုလည်းကောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**သာသနာရေးနှင့်**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

# ပြင်ဦးလွင်ပန်းမြို့တော်အား အထောက်အကူဖြစ်စေမည့် ပန်းမျိုးများ ထုတ်လုပ်ဖြန့်ဖြူး နည်းပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်



နေပြည်တော် ဒီဇင်ဘာ ၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့်အပင်ဇီဝနည်းပညာဌာနခွဲက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒိုးကွင်ဥယျာဉ်ခြံကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက ခြံ၏ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ပန်းမြို့တော်ကို အထောက်အကူဖြစ်စေရန်အတွက် ပန်းမျိုးများ ထုတ်လုပ်ဖြန့်ဖြူးနည်းပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်နှင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လိုသူများ စံနမူနာကောင်းပေးနိုင်ရေးအတွက် ကွင်းကျယ်ကွင်းပြည့်စိုက်ပျိုးပြသရန်၊ အပင်တစ်သျှူးနည်းပညာဖြင့် မြန်မာနိုင်ငံရှိ ဆေးဖက်ဝင်သစ်ခွများအား ပွားများထုတ်လုပ်၍ သစ်ခွစိုက်ပျိုးထုတ်လုပ်သူများအား ပညာပေးရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေနေရာ ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် Mandalay Coffee Group Co.,Ltd. ၏ ကော်ဖီစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်အကြား သဘောတူညီချုပ်ဆိုထားသည့် စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့်ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် ဒိုးကွင်ကျေးရွာအနီး ရွာထောင်ချောင်းပေါ်တွင် တည်ဆောက်ထားသည့် ဒိုးကွင်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် ဌာနပိုင်ဥယျာဉ်ခြံများ၏ စိုက်ပျိုးရေး လိုအပ်ချက် ဖူလုံစွာပေးဝေနိုင်ရေး၊ တမံများဘေးကင်းလုံခြုံရေးနှင့် ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့်စည်သာရေလှောင်တမံ၊ စည်သာရေကူရေလှောင်တမံ၊ ဆင်လမ်းရေလှောင်တမံနှင့် ဒိုးကွင်ရေလှောင်တမံများ၏ ရေသောက်စနစ်များမှ ဒေသ၏သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရေလှောင်တမံများအားလုံးသည် ရေပြည့်အမှတ်အောက် တစ်ပေခန့်စီသာရှိကြောင်း သိရသည်။ (၅၀၀)

❐ **ကျောဖုံးမှအဆက်**

ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၂ ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ကယားပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ ချင်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲ ၁ ပွဲ၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ၃ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၂ ပွဲ ဖြင့်လည်းကောင်း၊ **အမျိုးသမီးကြက်တောင်ပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲ ၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားကြက်တောင်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားကြက်တောင်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းနှင့်ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးအသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း (၁/၂)၌ ကျင်းပရာ **အမျိုးသားခရစ်ကက်ပြိုင်ပွဲ**တွင် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို၈ယောက်အသာဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၄၈ မှတ်အသာဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃၆ မှတ်အသာဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၂၁ မှတ်အသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲ**တွင် ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ရမှတ် ၁၀၉ မှတ်အသာဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၆၄ မှတ်အသာဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၈ ယောက်အသာဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၄ ယောက် အသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ**ကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရမှတ် ၅၇-၄၀ မှတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ရမှတ် ၉၆-၅၄ မှတ်၊ ကရင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ရမှတ် ၈၆-၅၂ မှတ်၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ရမှတ် ၉၂-၄၃ မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ရမှတ် ၇၅-၆၅ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



အမျိုးသမီးနှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင်ကရင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက်ဘော်လီဘောပြိုင်ပွဲများ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပရာ **အမျိုးသားဘော်လီဘောပြိုင်ပွဲ**တွင် ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၃ ပွဲ ၁ ပွဲ၊ ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၃ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ **အမျိုးသမီးဘော်လီဘောပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို **စာမျက်နှာ ၇ သို့** ❐



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားနှစ်ယောက်တွဲ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။

❒ စာမျက်နှာ ၆ မှအဆက်

၃ ပွဲ ၁ ပွဲ၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၂ ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးဖူဆယ်ပြိုင်ပွဲ** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ကျင်းပရာ **အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ ဂိုး ၁ ဂိုး၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၅ ဂိုး ၁ ဂိုး၊ မကွေးတိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးခရစ်ကက်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။

စုနယ်မြေနေပြည်တော်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့က ဂိုးမရှိသရေ၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့က တစ်ဖက် ၁ ဂိုးစီ၊ ကချင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ဂိုး ဂိုးမရှိ၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ဂိုး ၁ ဂိုး၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို ၃ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ ကျင်းပရာ **အမျိုးသားနှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို ၂ ပွဲ ၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီး အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ မွန်ပြည်နယ် အသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို ၂ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ကယားပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီးနှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲ၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ် အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသားနှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ်** ပွဲစဉ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲ၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ **အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို ၂ ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီး အသင်းကို ၂ ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များ**ကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ် အသင်းတို့က ဂိုးမရှိသရေ၊ ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့က တစ်ဖက် ၂ ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံအလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများ**ကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၃ ဂိုးပြတ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီး ဌာနအသင်းနှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့က တစ်ဖက် ၂ ဂိုးစီဖြင့်လည်းကောင်း၊ သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ကျောင်းသူများနှင့်အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**အမျိုးသား/အမျိုးသမီး နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ** ဆီမီးဖိုင်နယ် ပွဲစဉ်များနှင့်ဗိုလ်လုပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌လည်းကောင်း၊ **ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌လည်းကောင်း ဒီဇင်ဘာလ ၆ ရက် နံနက်ပိုင်းမှစတင်၍ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလိုလားသူတို့၏ စကားသံများ

**တွေ့ဆုံမေးမြန်း-နန္ဒာဝင်း၊ အေးအေးသန့်**
**ဓာတ်ပုံ-ဖိုးပြည့်စုံ**

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၅ ရက်နှင့် ၆ ရက်တို့တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပလျက်ရှိသည်။**

လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ မြန်မာနိုင်ငံနှင့် သဟဇာတဖြစ်နိုင်မည့် ဖက်ဒရယ်စနစ်ကျင့်သုံးနိုင်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ တက်ရောက်လာသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်-

**ဗိုလ်မှူးကြီးဝဏ္ဏအောင်**
**အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ**

ဒီနေ့ဆွေးနွေးပွဲမှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ကျင်းပခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲက လေ့လာရရှိခဲ့တဲ့ အတွေ့အကြုံတွေကိုရှင်းလင်းခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ အချို့ပြဋ္ဌာန်းချက်တွေကို ပြင်ဆင်ဖြည့်စွက်နိုင်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တည်ဆောက်နိုင်ရေးနဲ့ ရွေးကောက်ပွဲနဲ့ လုံခြုံရေးကဏ္ဍဆိုင်ရာတွေကို ဆွေးနွေးခဲ့ကြပါတယ်။ ဒီလိုဆွေးနွေးတာက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအတွက် လွှတ်တော်ပြင်ပလမ်းကြောင်းက ဆောင်ရွက်မှုတစ်ခုဖြစ်ပါတယ်။

တက်ရောက်လာတဲ့ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေအနေနဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ပြီး အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်လာကြမှာဖြစ်ပါတယ်။ အခုလို ဆွေးနွေးပွဲတွေက ရရှိလာမယ့် သဘောတူညီချက်တွေကို လွှတ်တော်အတွင်းမှာ ပြန်လည်ဆွေးနွေးကြရင် လွယ်ကူမြန်ဆန်စွာသဘောတူညီနိုင်ကြမှာဖြစ်ပါတယ်။

ညှိနှိုင်းရေး ကော်မတီအနေနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ စဉ်ဆက်မပြတ် ဆောင်ရွက်ပြီး ဘုံသဘောတူညီချက်တွေ ရရှိအောင် ဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။

**ဒေါက်တာအောင်မြတ်ဦး**
**ဗဟိုကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

အခုလို နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ၊ NSPC က ဆောင်ရွက်ပေးတဲ့ ဆွေးနွေးပွဲတွေ၊ အခြားနိုင်ငံတွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာတွေကို သွားရောက်လေ့လာရတာတွေက ကျွန်တော်တို့အတွက် အများကြီး အထောက်အကူဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို သွားမယ်ဆိုရင် ကျွန်တော်တို့ မသိတာတွေ များများသိလာဖို့ လိုပါတယ်။ ကျွန်တော်တို့ရဲ့ အတွေးတွေ ပိုပြီးမြင့်လာဖို့လိုပါတယ်။ ဒီလိုအကျိုးကျေးဇူးတွေ အများကြီးရပါတယ်။ ဒါကြောင့် ဒီလိုတွေ့ဆုံဆွေးနွေးပွဲတွေကို ကြိုဆိုပါတယ်။ တည်ငြိမ်အေးချမ်းမှုက ရပ်ကွက်တစ်ခုပဲဖြစ်ဖြစ်၊ ဒေသတစ်ခုပဲဖြစ်ဖြစ်၊ နိုင်ငံတစ်ခုပဲဖြစ်ဖြစ် မဖြစ်မနေလိုအပ်ပါတယ်။ တည်ငြိမ်မှုမရှိရင် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး အကုန်ခက်ခဲပါတယ်။ တည်ငြိမ်အေးချမ်းမှုမရှိရင် ဖွံ့ဖြိုးတိုးတက်ရေးကလည်း လုပ်ဆောင်လို့မရပါဘူး။ ဒါကြောင့် အဘက်ဘက်က ဝိုင်းဝန်းစဉ်းစားကြပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ လိုပါတယ်။

**ဦးကိုကိုကြီး**
**ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ**

ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး ခေါင်းစဉ်နဲ့ ရွေးကောက်ပွဲနဲ့ လုံခြုံရေးအစီအမံများဆိုတဲ့ ခေါင်းစဉ်တွေကို တက်ရောက်လာတဲ့ နိုင်ငံရေးပါတီတွေက ဝိုင်းဝန်းဆွေးနွေးကြမှာဖြစ်ပါတယ်။ နိုင်ငံရဲ့အခြေအနေအရ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွေကနေ ရလဒ်ကောင်းတွေရဖို့ အရေးကြီးပါတယ်။ ပြည်သူတွေကြားထဲမှာရော အခုပဋိပက္ခမှာ ပါဝင်နေတဲ့သူတွေကြားထဲမှာပါ နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းမှုတွေကနေ ရလဒ်ကောင်းတွေ ရနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်၊ ဒါကို လမ်းစပွင့်သွားဖို့ ရည်ရွယ်ပါတယ်။

အိန္ဒိယက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာတွေနဲ့ပတ်သက်ပြီး ဖိတ်ကြားတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာက



ဗိုလ်မှူးကြီးဝဏ္ဏအောင်



ဒေါက်တာအောင်မြတ်ဦး



ဦးကိုကိုကြီး



ဒေါက်တာအေးမောင်



ဦးထက်အောင်ကျော်



ဦးခေါ်တိန့်



ဒေါ်စောယုမာ

နိုင်ငံမှာ အမြင့်ဆုံးဥပဒေပါ။ အစိုးရတစ်ရပ်က ဘယ်လိုအုပ်ချုပ်ရမယ်။ အခွင့်အာဏာ ဘယ်လောက်ရှိတယ်ဆိုတာ ဖွဲ့စည်းပုံက သတ်မှတ်ပေးထားတယ်။ ဖွဲ့စည်းပုံဘောင်ထဲကနေ ပြဿနာတွေကို ဖြေရှင်းတဲ့အခါ ဆွေးနွေးညှိနှိုင်းတာ၊ ဖွဲ့စည်းပုံပြင်ဆင်ရေးဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းတွေနဲ့ ဆောင်ရွက်တာတွေမှာ အိန္ဒိယနိုင်ငံရဲ့ အတွေ့အကြုံတွေကို မျှဝေတာဖြစ်ပါတယ်။ စိတ်ဝင်စားဖို့ကောင်းတာက မတူကွဲပြားမှုတွေများတဲ့ နိုင်ငံမှာ နိုင်ငံရေးနည်းလမ်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နည်းလမ်းနဲ့ ဖြေရှင်းတဲ့အတွေ့အကြုံကိုလေ့လာခွင့်ရခဲ့ပါတယ်။ ဖက်ဒရယ်စနစ်ဆိုရင်လည်း အိန္ဒိယနိုင်ငံရဲ့ ဖက်ဒရယ်ပုံစံက ကျွန်တော်တို့နိုင်ငံအတွက် အများကြီးအထောက်အကူဖြစ်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါက်တာအေးမောင်**
**ဥက္ကဋ္ဌ၊ ရခိုင့်ဦးဆောင်ပါတီ**

ဒီနေ့တွေ့ဆုံပွဲမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စု ခေါင်းစဉ်အောက်မှာ ဘယ်လိုပြည်ထောင်စုမျိုးကို တည်ဆောက်မှာလဲဆိုတဲ့ အချက်နဲ့ ရွေးကောက်ပွဲလုံခြုံရေးနဲ့ပတ်သက်တဲ့အပိုင်းကို ဆွေးနွေးသွားဖို့ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ ဆက်စပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ တရုတ်နိုင်ငံရဲ့ နမူနာတွေကိုလည်း ကြည့်ဖို့လိုပါတယ်။ တွေ့ဆုံပွဲရဲ့ရလဒ်ကတော့ အနာဂတ် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုပုံဖော်မှာလဲဆိုတဲ့ ရည်မှန်းချက်နဲ့ဆိုင်ပါတယ်။

**ဦးထက်အောင်ကျော်**
**ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ**

ဒီနေ့တွေ့ဆုံပွဲမှာ အိန္ဒိယခရီးစဉ်မှာ လေ့လာခဲ့ရတဲ့ အိန္ဒိယနိုင်ငံရဲ့ ဒေသန္တရအုပ်ချုပ်ရေးစနစ်၊ ဒီမိုကရေစီနဲ့ဖက်ဒရယ်ကို ဘယ်လိုထူထောင်မလဲဆိုတဲ့ အချက်၊ ရွေးကောက်ပွဲနဲ့ လုံခြုံရေးအစီအမံစတဲ့ခေါင်းစဉ်သုံးခုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီက ပြည်ထောင်စုတစ်ဝန်းလုံး ဝင်ရောက်ယှဉ်ပြိုင်မယ့် ပါတီဖြစ်တဲ့အတွက် မဲဆန္ဒနယ်ကျင်းပမယ့်အပေါ်မူတည်ပြီး ရာနှုန်းပြည့်ဝင်ရောက်ယှဉ်ပြိုင်ဖို့ ကြိုးစားထားပါတယ်။

**ဦးခေါ်တိန့်**
**အတွင်းရေးမှူး၊ ဒီမိုကရေစီပါတီသစ်(ကချင်)**

ရွေးကောက်ပွဲမှာ လုံခြုံရေးဆိုင်ရာနဲ့ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာ ရွေးကောက်ပွဲကျင်းပဖို့လုပ်ငန်းစဉ်ပါဝင်ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ရွေးကောက်ပွဲကျင်းပပေးပြီး တက်လာတဲ့အစိုးရကို နိုင်ငံတော်တာဝန် လွှဲအပ်သွားဖို့ ရွေးကောက်ပွဲက မဖြစ်မနေကျင်းပရမယ်။ အခု နိုင်ငံရေးအခြေအနေအရ လက်နက်ကိုင်ပဋိပက္ခတွေရှိနေတယ်။ ပြည်သူလူထုအားလုံးကလည်း ဒီဒုက္ခတွေကို ခါးသီးစွာခံနေရတယ်။ ပြည်သူတွေရဲ့ဆန္ဒက ငြိမ်းချမ်းချင်တယ်။ ပြည်သူအားလုံးက ရွေးကောက်ပွဲကျင်းပဖို့ ဆန္ဒရှိကြတယ်။ လက်ရှိအခြေအနေက နယ်မြေလုံခြုံ တည်ငြိမ်ရေးအတွက် အခက်အခဲတွေရှိတယ်။ တစ်ဖက်က လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ အချို့တွေဆိုရင် ရွေးကောက်ပွဲလုံးဝမကျင်းပရဘူးလို့ ပြောဆိုနေကြတာတွေရှိတယ်။ နိုင်ငံရေးအရ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီဆိုရင် လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့အခန်းကဏ္ဍက ပျောက်ကွယ်သွားမယ့်အနေအထားရှိပါတယ်။ အဓိကက ပြည်သူလူထုဆန္ဒမဲပေးနိုင်ရေးကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**ဒေါ်စောယုမာ**
**ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**

ဒီနေ့တွေ့ဆုံပွဲမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်နိုင်ငံတည်ဆောက်ရေးအတွက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မနက်ပိုင်းမှာ အိန္ဒိယခရီးစဉ်ပါဝင်ခဲ့တဲ့ ပါတီတွေက လေ့လာမှတ်သားခဲ့ရတာတွေကို မျှဝေပေးတာဖြစ်ပါတယ်။ မသိသေးတဲ့သူတွေလည်း သိရတယ်။ သိပြီးသားလည်း ထပ်မံသိရတဲ့အတွက် ဗဟုသုတတွေရရှိပါတယ်။ ဖက်ဒရယ်ကို တည်ဆောက်မယ်ဆိုရင် ဖက်ဒရယ်နိုင်ငံတွေကို လေ့လာရမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံနဲ့ ကိုက်ညီတဲ့ ဖက်ဒရယ်ဖြစ်ဖို့လိုပါတယ်။ နိုင်ငံတစ်ခု တည်ဆောက်တဲ့အခါ ငြိမ်းချမ်းဖို့က အဓိကအရေးကြီးပါတယ်။ ငြိမ်းချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ပါတီက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငြိမ်းချမ်းရေးကို အဓိကထားပြီး လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ ပါတီရဲ့ ရည်ရွယ်ချက်ကတော့ အမျိုးသားအကျိုးစီးပွားကို အဓိကထားပြီး ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ အားလုံးငြိမ်းချမ်းဖို့ အရေးကြီးပါတယ်။ ငြိမ်းချမ်းမှသာ အရာအားလုံးကို လုပ်ဆောင်နိုင်မှာဖြစ်တဲ့အတွက် ပြည်သူလူထုအားလုံး ငြိမ်းချမ်းပါစေလို့ ဆန္ဒပြုပါတယ်။ ။

# မင်းဘူး(စကု)မြို့နယ် ဆင်ခေါင်းကျေးရွာ၌ လူငယ်စကားဝိုင်းကျင်းပ




မင်းဘူး ဒီဇင်ဘာ ၅

မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူငယ်ရေးရာ ကော်မတီအဖွဲ့တို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဒီဇင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် မင်းဘူး(စကု)မြို့နယ် ဆင်ခေါင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူး(စကု)မြို့နယ် ဆင်ခေါင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာမ ဒေါ်တင်နွဲ့ရီ(အထက်တန်းပြ)က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးပြီး ဘက်စုံထူးချွန်သော လူတော်လူကောင်းများ ဖြစ်လာစေရန်အတွက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က လူငယ်များအနေဖြင့် လူငယ်စကားဝိုင်းမှ တစ်ဦးနှင့်တစ်ဦး အသိဉာဏ်ပညာများမျှဝေခြင်းဖြင့် လူငယ်များအတွက် အသိပညာ ဗဟုသုတတိုးပွားစေပြီး လူအများကြားတွင် ရဲဝံ့စွာစကားပြောဆိုတတ်စေခြင်း၊ ဦးဆောင်လိုစိတ်ရှိကာ ယုံကြည်မှုအပြည့်ဖြင့် ပြောဆိုတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်အတွက် လူငယ်စကားဝိုင်းများ ကျင်းပပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ဆင်ခေါင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်စာဖတ်ခြင်း စသည့်ခေါင်းစဉ်များဖြင့် အပြန်အလှန်ဆွေးနွေးကြသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးသောခေါင်းစဉ်များအပေါ် မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ပါဝင်ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြကြောင်း သိရသည်။

လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )

# ပင်းတယမြို့၌ သတ္တမအကြိမ်မြောက် ဓနုအမျိုးသားနေ့ကျင်းပမည်

ပင်းတယ ဒီဇင်ဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ ၄ ရက်ပျောတောရပ်ကွက်ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဂုဏ်ဆောင်မြို့တော်ခန်းမရှေ့၌ သတ္တမအကြိမ်မြောက် ဓနုအမျိုးသားနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားကို ဒီဇင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအခမ်းအနားကို ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်စီမံမှုဖြင့် ဓနုဒေသ ပင်းတယမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးစီး၍ မြို့ပေါ်ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၇ အုပ်စု၊ ကျေးရွာပေါင်း ၁၃၇ ရွာမှ ဓနုတိုင်းရင်းသား၊ တိုင်းရင်းသူများပူးပေါင်း၍ နိုင်ငံတော်အလံ၊ ရှမ်းပြည်နယ်အလံ၊ ဓနုအမျိုးသားအလံတော်တို့ လွှင့်တင်ခြင်းအခမ်းအနားကိုလည်းကောင်း၊ သတ္တမအကြိမ်မြောက် ဓနုအမျိုးသားနေ့သဝဏ်လွှာများ ဖတ်ကြား၍လည်းကောင်း၊ ဓနုတိုင်းရင်းသားယဉ်ကျေးမှုအကအလှများနှင့် ဒေသနေ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်းအစရှိသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ယဉ်ကျေးမှုအကအလှများ ဖျော်ဖြေတင်ဆက်မှုများဖြင့်လည်းကောင်း အခမ်းအနားကို အောင်မြင်စွာကျင်းပမည်ဖြစ်သည်။

ထို့ပြင် ဓနုဒေသတိုင်းရင်းသားများ၏ ဈေးရောင်းပွဲတော်၊ ဓနုဒေသနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုအကအလှများကို သတ္တမအကြိမ်မြောက် ဓနုအမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

# ကျွန်းလှမြို့နယ်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသော ကြက်သွန်ဖြူစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျွန်းလှ ဒီဇင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းရာသီတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးသော ကြက်သွန်ဖြူစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်ကနှစ်စဉ်ဆောင်းရာသီမှာ နေအိမ်ခြံဝင်းအတွင်း မြေအောက်ရေတင်ပြီး တစ်နိုင်တစ်ပိုင် ကြက်သွန်ဖြူစိုက်ပျိုးပါတယ်။ စိုက်ပျိုးရာမှာ ကုန်ကျစရိတ်သက်သာပါတယ်။ အရင်နှစ်က ကြက်သွန်ဖြူပိဿာချိန် ၁၀၀ ကျော်ထွက်ရှိပါတယ်။ ဒီနှစ်ကြက်သွန်ဖြူစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းနေပါတယ်" ဟု ကြက်သွန်စိုက်ပျိုးသူ ဦးမျိုးထွန်းကပြောသည်။



ကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်မျိုးစုံ၊ ပန်းမျိုးစုံစိုက်ပျိုးကြရာ ဒေသခံပြည်သူများ မိသားစုဝင်ငွေရရှိ၍ အလုပ်အကိုင်ရရှိနေကြကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

# သွေး

✤ ကြဲခဲ့ဖူးသည်၊ ငယ်တုန်းဆီဝယ်
ညီအစ်ကိုချင်း၊ ကစားရင်းက
ညီအစ်ကိုချင်း၊ မုန့်လုရင်းက
ညီအစ်ကိုချင်း၊ ဂုဏ်ပြိုင်ရင်းက
ငြင်းခုံမာန်ဖော၊ ငါတကောနှင့်
ဒေါသဆူပွက်၊ တကျက်ကျက်။

✤ ရန်ဖြစ်တုန်းတော့
နှလုံးမကြည်၊ ပြုံးမရီ(ရယ်)နိုင်
ညီကိုနှစ်ယောက်၊ ဆိုးစိတ်ကောက်လျက်
နှုတ်ငေါက်လွန်ကျူး၊ "မခေါ်ဘူး"တဲ့
တူးတူးခါးခါး၊ ဆိုကြငြား။

✤ ဘယ်သို့ရန်လို၊ ဘယ်သို့ဆိုစေ
အစ်ကိုနှင့်ညီ၊ မကြာမီလျှင်
တီတီတာတာ၊ နှုတ်ပျူငှာနှင့်
သူလာစခေါ်၊ ကိုယ်ကပျော်
ကိုယ်ပြန်စခေါ်၊ သူလည်းပျော်။

✤ ဘယ်သူကပဲ
ပြန်စခေါ်ခေါ်၊ အားလုံးပျော်၏
တော်စပ်သွေးသား၊ တစ်မိဖွားမို့
သူမှားခဲ့လျှင်၊ သူစပြင်။
ကိုယ်မှားခဲ့လျှင်၊ ကိုယ်ကပြင်။
ရေကိုသားသို့၊ ကြားမထင်။ ။

ချစ်စုအောင်

## သဇင်(FM)အသံလွှင့်အစီအစဉ်

၆-၁၂-၂၀၂၄ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ




နေပြည်တော် ဒီဇင်ဘာ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား နားလည်မှုစာချွန်လွှာ (MoU) အရ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် MoU အရ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သည့် ဒုတိယနှစ်စီမံကိန်းနှစ်ခု လုပ်ငန်းစတင်လည်ပတ်ခြင်းအစီအစဉ်ကို Hybrid စနစ်ဖြင့် ဆက်လက်ဆောင်ရွက်ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က Online မှ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံသို့ ဖွံ့ဖြိုးမှုအကူအညီ စီမံကိန်းပူးပေါင်းဆောင်ရွက်မှုလက်ရှိအခြေအနေများ၊ လူသားချင်းစာနာမှုအကူအညီပေးအပ်ခဲ့မှုအခြေအနေများနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အိန္ဒိယနိုင်ငံမှ ပညာသင်ဆုပေးအပ်ခဲ့မှုအခြေအနေ၊ အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက ဖွံ့ဖြိုးမှုစီမံကိန်းလက်ရှိအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း) က MoU အရ ဆောင်ရွက်လျက်ရှိသည့် ဒုတိယနှစ်စီမံကိန်းလုပ်ငန်းများ၏အခြေအနေနှင့် လုပ်ငန်းစတင်လည်ပတ်သည့် စီမံကိန်းနှစ်ခုဖြစ်သော ပြည်သူ့ဆေးရုံတွင် အမှိုက်မီးရှို့စက်တည်ဆောက်ခြင်းနှင့် ရေပေးဝေခြင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး စီမံကိန်းဆောင်ရွက်ပြီးစီးမှုမှတ်တမ်းကိုပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)




သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုဖူးမြော်စဉ်။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၅

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိမြေမြင့် ဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အမျိုးသားကန်တော်ကြီးဥယျာဉ် ရာပြည့်အထိမ်းအမှတ်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးဆွေးနွေး





ပြင်ဦးလွင် ဒီဇင်ဘာ ၅


သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့ မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ရှိသစ်တောဦးစီးဌာန ဧည့်ရိပ်သာ၌ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်မြို့ကို ပန်းမြို့တော်ဖြစ်စေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရေး၊ အမျိုးသားကန်တော်ကြီးဥယျာဉ် စိမ်းလန်းသာယာလှပရေး၊ သစ်တောမြေများကို စနစ်တကျစီမံအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မှာကြားပြီး မြန်မာ့သစ်လုပ်ငန်း ပြင်ဦးလွင်သစ်ထုတ်ရေးဒေသရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ၏တင်ပြမှုများအပေါ် လိုအပ်သည်များညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တွေ့ဆုံ၍ အမျိုးသားကန်တော်ကြီးဥယျာဉ်သာယာလှပရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ် ရာပြည့်အထိမ်းအမှတ်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် မြေတိုင်းဦးစီးဌာန မြန်မာနိုင်ငံမြေတိုင်းကျောင်းသို့ သွားရောက်၍ သင်တန်းသားများနှင့်တွေ့ဆုံကာ သင်တန်းမှပို့ချသော စာတွေ့/လက်တွေ့ သင်ခန်းစာများ ကြိုးစားလေ့လာသင်ကြား၍မိမိတို့လုပ်ငန်းခွင်တွင်ထိထိရောက်ရောက် အသုံးချနိုင်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။ ထို့မှတစ်ဆင့်ပြည်ထောင်စုဝန်ကြီးသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာန ခရိုင်ရုံးများသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ရရှိရေး၊ မီးခိုးမြူငွေ့လျှော့ချရေး၊ သစ်တောဖုံးလွှမ်းမှုကောင်းမွန်စေရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများစောင့်ရှောက်ရေး၊ တရားမဝင်သစ်တားဆီးကာကွယ်ရေး၊ လူထုသို့ အသိပညာပေးရေးကိစ္စရပ်များနှင့်ပတ်သက်၍မှာကြားပြီး သစ်တောဦးစီးဌာန ခရိုင်ရုံးအတွင်း သီးနှံသစ်တောရောနှောစိုက်ပျိုးထားမှု အခြေအနေကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သမိုင်းကြောင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ဘုံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများအလိုက်တည်ရှိပြီး နှစ်နိုင်ငံ ယန္တရားများမှတစ်ဆင့် ခိုင်မာစေရေးနှင့် နှစ်နိုင်ငံအကျိုးရှိစေမည့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အပြုသဘောဆောင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

## Naypyitaw State Academy အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေသည့် အခြေအနေကို ပြည်ထောင်စုဝန်ကြီးများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၅

ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ဦးမျိုးသန့်သည် ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့တွင် Naypyitaw State Academy အတွင်း တည်ဆောက်နေသည့် ဘွဲ့နှင်းသဘင်ခန်းမ၊ Recreation Center၊ စာသင်ဆောင်များ၊ အိပ်ဆောင်နှင့် ထမင်းစားဆောင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် Naypyitaw State Academy ၏ ပင်မဆောင်အရှေ့ရှိ Recreation Park ကို တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ သစ်ပင်ပန်းမန်များ၊ ရေပန်းအလှများ၊ မီးအလှများဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး၊ လက်ရာသေသပ်ကောင်းမွန်စေရေး၊ သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး အရည်အသွေးအကောင်းဆုံးဖြင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ပြီးစီးရန် မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Naypyitaw State Academy ရှိ ခြောက်ထပ်စာသင်ဆောင်သို့သွားရောက်၍ ပညာသင်ကြားနေသည့် တက္ကသိုလ်ကျောင်းသား၊ကျောင်းသူ၊ဆရာ၊ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ Naypyitaw State Academy သည် စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြား၊ သင်ယူ၊ လေ့ကျင့်မှုများမှတစ်ဆင့်အသုံးချသုတေသနနှင့်တီထွင်ဆန်းသစ်မှုကိုအားပေးသည့် အဆင့်မြင့်ပညာရပ်များသင်ယူရာ တက္ကသိုလ်ဖြစ်ကြောင်း၊ တက္ကသိုလ်တစ်ခု၏ ဂုဏ်အင်္ဂါရပ်နှင့်ပြည့်စုံစေရန် ခြောက်ထပ်စာသင်ဆောင်အသစ်များ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ Recreation Center ၊ ကျောင်းသားအိပ်ဆောင်နှင့်ဝန်ထမ်းအိမ်ရာများကို ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ကျောင်းသားဗဟိုပြုသင်ကြားမှုစနစ်ကို အကောင်အထည်ဖော်နိုင်ရန် အရည်အသွေးရှိသော သင်ကြား၊ သင်ယူမှုကိုထိရောက်စွာဆောင်ရွက်နိုင်ရန် စာသင်ခန်းတိုင်းအတွက် Interactive Smart Blackboard များကိုလည်း တပ်ဆင်ပေးထားသည့်အပြင် Up-to-Date ဖြစ်သည့် Textbooks များ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ Internet Access နှင့် e-library အပါအဝင် သင်ထောက်ကူပစ္စည်းများကိုပြည့်စုံစွာဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်းပြောကြားကာ စာသင်ဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသိရသည်။ (မဝ)

## MSME ထုတ်ကုန်ပြခန်းများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၅

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပမည့် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချရန် ပြင်ဆင်နေမှု၊ ပုဗ္ဗသီရိမြို့နယ်ရှိတည်ခိုရေးစခန်း(ရွာတော်)တွင် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုအခြေအနေကိုလှည့်လည်အားပေးကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုအားကစားပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်၍ မိမိထုတ်ကုန်များ၏ ကောင်းမွန်သည့် အချက်အလက်များကို နိုင်ငံအနှံ့လွယ်လင့်တကူပျံ့နှံ့ရောက်ရှိသွားမည်ဖြစ်၍ ရရှိသည့်အခွင့်အရေးများကို ပိုင်နိုင်စွာရယူနိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင်ပြခန်း ၄၈ ခန်း၊ တည်ခိုရေးစခန်း(ရွာတော်)တွင်ပြခန်း ၂၆ ခန်း စုစုပေါင်းပြခန်း ၇၄ ခန်းတို့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ MSME လုပ်ငန်းများမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းအမယ် ၄၅၀ ကျော်ခင်းကျင်းပြသရောင်းချလျက်ရှိကြောင်း သိရသည်။ (မဝ)

# ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏ အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၅

ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏ အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနေအိမ်၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Visitstump နှင့် ဇနီး၊ တာဝန်ရှိသူများသည် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့်ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ထိုင်းနိုင်ငံယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ သံအမတ်ကြီးနှင့်ဇနီးတို့က တက်ရောက်လာကြသူများကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောထွန်းအောင်မြင့်၊ ဒေါက်တာဗညားအောင်မိုး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြကြောင်းသိရသည်။

(၅၀၀)



# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့် အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ဝန်ကြီးဌာနနှင့် UNDP – UNHCR တို့ သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာ MoU မူဘောင်အရ လုပ်ငန်းများ ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် MoU သက်တမ်းထပ်မံတိုးမြှင့်နိုင်ရေးအတွက် သုံးပွင့်ဆိုင်လက်မှတ်ရေးထိုးဆောင်ရွက်မည့် အစီအစဉ်၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် နိုင်ငံတွင်းနေထိုင်ကြောင်း အထောက်အထားစိစစ်ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များနှင့် UNHCR မှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအခြေအနေ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ဗီဇာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးမှု၊ ဒေသခန့်ဝန်ထမ်းများ ခရီးသွားလာရေးနှင့် အခြေပြုနေထိုင်နိုင်ရေး ဆောင်ရွက်ပေးမှုအခြေအနေ၊ ဝန်ကြီးဌာနနှင့် UNDP – UNHCR တို့အကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်နှင့်တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# တရုတ်နိုင်ငံ ပေကျင်းမြို့တော်ရှိ Fuwai Hospital သို့ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း လေ့လာရေးခရီးသွားရောက်၊ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၅

တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ ရောက်ရှိနေသည့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယမန်နေ့နံနက်ပိုင်းက နှလုံးရောဂါအထူးကုဌာနဖြစ်သည့် ပေကျင်းမြို့တော်ရှိ Fuwai Hospital သို့ သွားရောက်လေ့လာကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို Fuwai hospital အစည်းအဝေးခန်းမ၌ ဆေးရုံကြီးမှ တာဝန်ရှိသူများက တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် (National Health Commission of the People's Republic of China)၏လက်အောက်တွင် နှလုံးရောဂါအထူးကုသရေးဌာန (National Center for cardiovascular diseases) နှင့် Fuwai hospital တို့ ပူးပေါင်းကာ နှလုံးရောဂါလူနာကုသရေး၊သုတေသနနှင့် သင်ကြားလေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကမ္ဘာ့အကြီးဆုံးနှလုံးရောဂါ အထူးကုဌာနများအနက် တစ်ခုဖြစ်ပြီး နှလုံးရောဂါ လူနာကုသရေးလုပ်ငန်းများအပြင် နိုင်ငံတကာမှ သင်တန်းသားများအတွက် ကာလတို/ကာလရှည် နှလုံးရောဂါပညာဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ပေးလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့်ပူးပေါင်းကာ နှလုံးရောဂါကုသရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကာ ဆေးရုံလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က တရုတ်–မြန်မာ နှစ်နိုင်ငံ ဆေးပညာသင်ကြားလေ့ကျင့်မှုများနှင့် လူနာကုသရေးလုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထူးကုဆေးရုံကြီးအတွင်းရှိ နှလုံးအထူးကြပ်မတ်ကုသခန်း (coronary care unit)၊နှလုံးရောဂါသွေးကြောချဲ့ကုသခန်း(catherization laboratory)၊ ပြင်ပလူနာခွဲစိတ်ကုသဌာန (ambulatory surgery center)၊ နိုင်ငံတကာအဆင့်မီသင်ကြားရေးဌာန(Global training center for cardiac intervention imaging)၊ ပြင်ပလူနာနှလုံးရောဂါရှာဖွေရေးဌာနများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ပေကျင်းမြို့တော်ရှိ နှလုံးရောဂါအထူးကုဆေးရုံကြီးသည် လူနာခုတင်–၁၅၀၀ ကျော်ဆံ့ဖြစ်ကာ နှလုံးသွေးကြောချဲ့ကုသခန်း ၁၅ ခန်း၊ နှလုံးခွဲစိတ်ခန်း ၃၆ ခန်းတို့ဖြင့် နှစ်စဉ်နှလုံးခွဲစိတ်မှုပေါင်း ၂၀၀၀၀ ခန့်နှင့် နှလုံးသွေးကြောချဲ့မှု ၅၀၀၀၀ ခန့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၅

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁°C | / | ၃၃°C |
| ရန်ကုန် | ၂၃°C | / | ၃၅°C |
| မန္တလေး | ၂၀°C | / | ၃၂°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# လူငယ်နှင့်သမိုင်းပေးတာဝန်

သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

**▸▸ လူငယ်တွေအနေနဲ့ ကိုယ်မွေးဖွားရာခေတ်ရဲ့လိုအပ်ချက်အရ သမိုင်းပေးတာဝန် ထမ်းဆောင်ရတယ်ဆိုတာကလည်း ငြင်းဆန်လို့မရတဲ့အမှန်တရားတစ်ခုဖြစ် . . .**

**▸▸ လူငယ်တိုင်းဟာ သူရောက်ရှိရာခေတ်တွေရဲ့သမိုင်းပေးတာဝန်ကို လက်ဆင့်ကမ်း ထမ်းဆောင်နိုင်ကြတဲ့အတွက် နိုင်ငံတော်ကြီးဟာ တစ်ဆင့်ချင်းစီ တိုးတက်ခေတ်မီလာခဲ့ . . .**

**▸▸ လူငယ်တစ်ယောက်စီတိုင်းသာ သမိုင်းပေးတာဝန်ကိုငြင်းဆန်ကြမယ်ဆိုရင် နိုင်ငံဆုတ်ယုတ်ပျက်ပြားခြင်းနဲ့ကြုံတွေ့ရနိုင် . . .**

နိုင်ငံသားမှန်သမျှ ကိုယ်မွေးဖွားကြီးပြင်းလာတဲ့ အချိန် ရောက်ရှိနေတဲ့ခေတ်မှာ ကြုံတွေ့ရတဲ့ဖြစ်ရပ်တွေကို ရှောင်လွှဲမရဘဲ ရင်ဆိုင်ကြရတာဖြစ်ပါတယ်။ ခေတ်အလိုက်ကြုံတွေ့ရတဲ့အခြေအနေပေါ်မူတည်ပြီး နိုင်ငံတော်ကို စောင့်ရှောက်ကူညီဖို့ တစ်ထောင့်တစ်နေရာက ပါဝင်ဆောင်ရွက်ရခြင်းကို သမိုင်းပေးတာဝန်ထမ်းဆောင်တယ်လို့ဆိုနိုင်ပါတယ်။

သမိုင်းပေးတာဝန်ဆိုတာ မိမိတို့ရှင်သန်ဖြတ်သန်းနေကြရတဲ့ခေတ်ကာလမှာ နိုင်ငံနဲ့လူမျိုးအဓွန့်ရှည်တည်တံ့ရေး၊ တိုးတက်ကြီးပွားရေးတို့အတွက် နိုင်ငံသားတစ်ဦးအနေနဲ့ ထမ်းရွက်အပ်သောဝတ္တရားလို့ ယေဘုယျအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ အလှည့်ကျရင် မနွဲ့ကြစတမ်း လူတိုင်း မလွဲမသွေ ထမ်းဆောင်ကြရမယ့်တာဝန်တွေကတော့ သမိုင်းပေးတာဝန်တွေပဲဖြစ်ပါတယ်။

ခေတ်အဆက်ဆက် သမိုင်းကပေးလာတဲ့ တာဝန်တွေထမ်းဆောင်ကြရင်း တစ်ခေတ်တစ်ခါမှာ ပြောင်မြောက်တဲ့သူရဲကောင်းတွေပေါ်ထွန်းလာခဲ့ကြပါတယ်။ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ကစပြီး ဒီနေ့ခေတ်အထိ သမိုင်းပေးတာဝန်ကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့ကြတဲ့ နိုင်ငံ့သားကောင်းတွေ အမြောက်အမြားရှိခဲ့ပါတယ်။

ဒီလို နိုင်ငံ့သားကောင်းတွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေကြောင့် မြန်မာဆိုတာ သေးငယ်တဲ့နိုင်ငံတစ်ခုဖြစ်ပေမယ့် ဇာတိပုည ဂုဏ်မာနကိုပြသနိုင်တဲ့ နိုင်ငံတစ်ခုဖြစ်ခဲ့ပါတယ်။ ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့နေရာမှာတည်ရှိပြီး အရည်အချင်းကောင်းမွန်တဲ့ နိုင်ငံသားကောင်းတွေကို ပိုင်ဆိုင်တဲ့ နိုင်ငံတစ်ခုအဖြစ် ဒေသတွင်းမှာထင်ရှားပါတယ်။

ပုဂံခေတ်မှာ အနော်ရထာမင်းကြီးက သူ့ခေတ်နဲ့သူ့သမိုင်းကို တောက်ပြောင်အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံတိုးတက်အောင်စီမံအုပ်ချုပ်ခဲ့တယ်၊ လယ်ယာစီးပွားတိုးတက်လာအောင်ကြံဆောင်ခဲ့တယ်။ ပျူခေတ်ထဲကကိုးကွယ်ခဲ့ကြတဲ့ ဗုဒ္ဓသာသနာတော်ကို ပိုပြီးရှင်သန်တိုးတက်လာအောင် ဆောင်ရွက်ခဲ့တယ်။ နိုင်ငံတော်စည်ပင်တိုးတက်ခဲ့ကြောင်း ပုဂံခေတ်ဘုရားပုထိုးတွေနဲ့ အနုပညာလက်ရာတွေက သက်သေပြနေဆဲဖြစ်ပါတယ်။ ကျန်စစ်သားမင်းလက်ထက်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုတဲ့ ဆောင်ရွက်ချက်တွေ ဆောင်ရွက်ခဲ့တာကိုလည်း လေ့လာသိရှိရပါတယ်။ သမိုင်းပေးတာဝန်ကို ဦးလည်မသုန်ထမ်းရွက်ကြရင်း နိုင်ငံတော်ဂုဏ်ကို မြှင့်တင်ခဲ့ကြတဲ့အတွက် ဒီနေ့တိုင် လေးစားဦးညွှတ်နေရဆဲ မြန်မာသူရဲကောင်းတွေဖြစ်ကြပါတယ်။

ဘုရင့်နောင်နဲ့ အလောင်းမင်းတရားကြီးလက်ထက်မှာ နိုင်ငံတော်ကို ပိုမိုစည်းလုံးညီညွတ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံရဲ့နယ်နိမိတ်ကျယ်ပြန့်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်၊ ဒေသတွင်းမှာ အင်အားကြီးတဲ့ နိုင်ငံတစ်ခုအဖြစ်ရပ်တည်နိုင်ခဲ့ပြီး ခန့်ညားလေးစားခံရတဲ့ခေတ်တစ်ခုကို ထူထောင်နိုင်ခဲ့ပါတယ်၊ ရှေးမင်းများရဲ့ လုပ်ရည်ကိုင်ရည်ကိုလေ့လာကြည့်ရင် ရဲစွမ်းသတ္တိရှိကြသူများ၊ နိုင်ငံနဲ့လူမျိုးကို သစ္စာရှိသူများ၊ အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သူများဖြစ်ကြတာကိုတွေ့ရပါတယ်။ သမိုင်းပေးတာဝန်ကို ရွပ်ရွပ်ချွံချွံထမ်းရွက်ခဲ့ကြသူများဖြစ်ကြတဲ့အတွက် မြန်မာ့သမိုင်းမှာ လေးစားဂုဏ်ယူဖွယ်မှတ်တမ်းကောင်းများ ထားရှိနိုင်ကြသူတွေဖြစ်ပါတယ်။

လူငယ်တွေအနေနဲ့ ကိုယ်မွေးဖွားရာခေတ်ရဲ့ လိုအပ်ချက်အရ သမိုင်းပေးတာဝန်ထမ်းဆောင်ရတယ်ဆိုတာကလည်း ငြင်းဆန်လို့မရတဲ့ အမှန်တရားတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ရေမြေသဘာဝကောင်းမွန်ပြီး ပထဝီအနေအထားအရ အချက်အချာကျတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ မြန်မာလူမျိုးတွေဟာ နိုင်ငံနဲ့လူမျိုးကိုချစ်တဲ့သူတွေဖြစ်ပြီး ရဲစွမ်းသတ္တိရှိရှိ ကာကွယ်စောင့်ရှောက်ကြလို့သာ ဒီနေ့အချိန်အထိ တည်တံ့နေတာဖြစ်ပါတယ်၊ နိုင်ငံရဲ့သမိုင်းကိုပြောရရင် လွန်ခဲ့တဲ့နှစ် ၂၀၀၀ ကလို့ ဂုဏ်ယူပြီးပြောနိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ရဲစွမ်းသတ္တိရှိမှုကိုလည်း ဒေသတွင်း နိုင်ငံအများကအသိအမှတ်ပြုကြရပါတယ်။ ဂုဏ်ယူဖွယ်သမိုင်းကြောင်းနဲ့ ဇာတိအစဉ်အလာတွေကို ချေဖျက်ပြီး ခေတ်သစ်ကျွန်ပြုလိုကြတဲ့နိုင်ငံတွေရဲ့ စနစ်တကျနှောင့်ယှက်ဖြိုခွဲမှုတွေကြောင့် နိုင်ငံ့အင်အားကို လျော့ပါးလာစေတာကိုလည်း အားလုံးသတိမူရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ကိုလိုနီလက်အောက်ကိုကျရောက်ခဲ့ပြီး ရက်စက်စွာဖိနှိပ်အုပ်ချုပ်တာကိုခံခဲ့ရပါတယ်။ နယ်ချဲ့လက်အောက်မှာ ဖိနှိပ်ခံနေရပေမယ့် ရတဲ့နည်းလမ်းနဲ့ လွတ်လပ်ရေးအတွက်ကြိုးပမ်းအားထုတ်ကြတဲ့သူတွေလည်း ပေါ်ထွန်းခဲ့ပါတယ်။ ဒီနေရာမှာ မြန်မာအမျိုးသားများနဲ့တကွ အာရှ၊ ဥရောပသားတွေကပါသိကြပြီး ဘကြီးဘဖေလို့ခေါ်ကြတဲ့ ဝိုင်အမ်ဘီအေတည်ထောင်ရာမှာဦးဆောင်ပါဝင်သူ ဦးဘဖေရဲ့ အကြောင်းကိုလည်းတင်ပြချင်ပါတယ်၊ ဘကြီးဘဖေကို ကြို့ပင်ကောက်မြို့မြေပိုင်ရှင် အဖ ဦးအို၊ အမိ ဒေါ်မှင်တို့က မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ် ကဆုန်လဆန်း ၁၀ ရက် (ခရစ်သက္ကရာဇ် ၁၈၈၃ ခုနှစ် ဧပြီလ ၁၆ ရက်) တနင်္လာနေ့မှာ ဖွားမြင်ခဲ့ပါတယ်။

ဦးဘဖေဟာ အသက် ၁၇ နှစ်သားအရွယ်မှာ အင်ထရင့်စာမေးပွဲကို စကောလားရှစ်ဆုရပြီး အောင်မြင်ခဲ့သူဖြစ်ပါတယ်။ ၁၉၀၆ ခုနှစ် အသက် ၂၃ နှစ်တွင် ဘီအေစာမေးပွဲကိုအောင်မြင်ခဲ့ပြီး ဝိုင်အမ်ဘီအေ (YMBA) ခေါ် တဲ့ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း စတင်တည်ထောင်ရာမှာ အဓိကအရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးအဖြစ်ပါဝင်ခဲ့ပါတယ်။ နယ်ချဲ့အင်္ဂလိပ်အစိုးရက မြို့အုပ်ရာထူးပေးတာကိုမယူဘဲ စိန့်ပေါကျောင်းမှာ ကျောင်းဆရာလုပ်ခဲ့ပါတယ်။

ဦးဘဖေငယ်စဉ်က ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေဖို့ဖြစ်ရပ်တစ်ခုကို ကြုံတွေ့ခဲ့ရပါတယ်၊ သူငယ်စဉ်က ရန်ကုန်မြို့မှာနေထိုင်ခဲ့ပြီး ကျောင်းသွားစဉ်မှာ ဆိုင်ကယ်စီးလာတဲ့ ပုလိပ်မင်းကြီး အက်ဒေါနင်ရှေ့မှ ကလေးပီပီ ဖြတ်ပြေးသွားခဲ့မိပါတယ်။ မင်းကြီးရှေ့မှ ဖြတ်ပြေးသွားရကောင်းလားဆိုပြီး ဒဏ်ငွေ သုံးကျပ် အရိုက်ခံရပါတယ်။ လူချင်းတူပါလျက် မျက်နှာဖြူ အင်္ဂလိပ်ပုလိပ်မင်းကြီးရှေ့က ဖြတ်ပြေးမိရုံနဲ့ ဒဏ်ငွေရိုက်ခြင်းကို သူမကျေနပ်ခဲ့။ ကလေးအရွယ်ဖြစ်တယ်လို့ ခွင့်လွှတ်ပေးခြင်းလည်းမရှိဘဲ ကိုယ့်နိုင်ငံကိုလာအုပ်ချုပ်ပြီး အနိုင်ကျင့်တဲ့အတွက် ခံပြင်းခဲ့ရပါတယ်။ ဒီဖြစ်ရပ်ဟာ ဦးဘဖေရဲ့စိတ်မှာစွဲထင်နေခဲ့ပြီး ဇာတိမာန်တက်ကြွမှုကိုမျိုးစေ့ချပေးခဲ့သော ဖြစ်ရပ်တစ်ခုလို့ဆိုနိုင်ပါတယ်။ အဲဒီခေတ်ကာလနယ်ချဲ့တို့ရဲ့ ဖိနှိပ်မှုခံနေရတဲ့အခြေအနေမှာ နိုင်ငံရေးအသင်းအဖွဲ့ဖွဲ့စည်းဖို့မဖြစ်နိုင်တဲ့အတွက် ဘာသာရေးဆန်တဲ့ ဝိုင်အမ်ဘီအေအသင်းကို ၁၉၀၆ ခုနှစ်မှာ ဖွဲ့စည်းခဲ့ရတာဖြစ်ပါတယ်။ Young Men’s Buddhist Association (YMBA) လို့ခေါ်တဲ့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဟာ မျိုးချစ်စိတ်ဓာတ်ပြန်လည်နိုးကြားလာဖို့စွမ်းဆောင်နိုင်ခဲ့တဲ့ အမျိုးသားရေးအရ တန်ဖိုးမဖြတ်နိုင်တဲ့ မြန်မာ့ရှေ့ဆောင်အသင်းကြီးပဲ ဖြစ်ပါတယ်။

ဝိုင်အမ်ဘီအေရဲ့ မူလရည်ရွယ်ချက်က “အမျိုး၊ ဘာသာ၊ သာသနာနှင့်ပညာ” ကို မြှင့်တင်ဖို့ဖြစ်ပြီး ကြွေးကြော်သံကတော့ “အမျိုးကို ချစ်ပါ”၊ “ဘာသာကို လေးစားပါ”၊ “သာသနာကိုချီးမြှင့်ပါ”၊ “ပညာရေးကို အားပေးပါ” တို့ ဖြစ်ပါတယ်။ ဝိုင်အမ်ဘီအေအသင်းကြီးဟာ ပထမပိုင်းမှာ သာသနာရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းတွေကို ဖောင်းပေးလုပ်ဆောင်ခဲ့ပြီး တဖြည်းဖြည်းနဲ့ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးလုပ်ငန်းတွေဆီကိုပါ ဦးတည်ရှေးရှုလုပ်ဆောင်နိုင်လာခဲ့ပါတယ်။ ပြည်သူကို ကိုယ်စားပြုပြီး ဗြိတိသျှ နယ်ချဲ့အစိုးရရဲ့လုပ်ငန်းတွေကို ကန့်ကွက်ခြင်း၊ အုပ်ချုပ်ရေးမှာ ပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ပေးရန် တောင်းဆိုခြင်းတွေကိုပါ လုပ်ဆောင်နိုင်လာခဲ့တဲ့အထိ အင်အားကောင်းလာခဲ့ပါတယ်။

“ဖိနပ်ပြဿနာ”လို့ သမိုင်းတွင်ခဲ့တဲ့ နိုင်ငံခြားသားတွေ ဘုရားပုထိုးစေတီရင်ပြင်တွေပေါ် ဖိနပ်စီးနင်းတက်ရောက်တဲ့ကိစ္စနှင့်ပတ်သက်ပြီး ၁၉၁၇ ခုနှစ်မှာ ဆန္ဒပြမှုတွေပေါ်ပေါက်လာတဲ့အခါ ပြည်သူတွေနှင့်အတူ ပြည်သူ့ကိုယ်စား ဦးဆောင်တိုက်ပွဲဝင်ခဲ့တာလည်း ဝိုင်အမ်ဘီအေပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံသားတွေ အထွတ်အမြတ်ထားရာ ဘုရားစေတီတော်တွေရဲ့ ရင်ပြင်တော်ပေါ်ကို စော်ကားရိုင်းစိုင်းတဲ့စိတ်ထားနဲ့ ဖိနပ်စီးပြီးတက်ခဲ့တဲ့ဖြစ်ရပ်ဟာ သမိုင်းတွင်ခဲ့ပါတယ်။ အနောက်တိုင်းသားတွေဟာ သူတို့စိတ်အခန့်မသင့်တဲ့ နိုင်ငံကို “လူ့အခွင့်အရေးချိုးဖောက်တယ်” လို့ စွပ်စွဲပြောဆိုပြီး အရေးယူဖို့တောင်းဆိုတတ်ကြပေမယ့် သူတို့ကိုယ်တိုင် မြန်မာတွေရဲ့လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုအခွင့်အရေးတွေကို ချိုးဖောက်ခဲ့တယ်ဆိုတာ ဒီသမိုင်းကသက်သေပါပဲ။

ဒါကို ငြိမ်ခံမနေဘဲ ဆန္ဒထုတ်ဖော်ခဲ့တဲ့ မြန်မာလူမျိုးတွေရဲ့ သတ္တိ၊ ဦးဆောင်ခဲ့တဲ့ ဝိုင်အမ်ဘီအေအသင်းကြီးရဲ့ လုပ်ဆောင်မှုတွေကလည်း သမိုင်းတင်ခဲ့ပါတယ်။ ဒါဟာဘာမှမဟုတ်လောက်တဲ့ “ဖိနပ်ပြဿနာ” မဟုတ်ပါဘူး။ နှိမ့်ချစော်ကားတာကို လက်မခံတဲ့စိတ်ကနေ နိုင်ငံတော်လွတ်လပ်ရေးအတွက် ကြိုးပမ်းနိုင်တဲ့အထိ မျိုးချစ်စိတ်ဓာတ်နိုးကြားစေတဲ့ အရေးပါတဲ့ဖြစ်ရပ်တစ်ခုလို့ဆိုနိုင်ပါတယ်။ ကိုလိုနီလက်အောက်ခံဘဝမှာ ခွဲခြားနှိမ့်ချမှုတွေ၊ ဖိနှိပ်အုပ်ချုပ်မှုတွေ ခံနေရတဲ့ကြားထဲက တတ်စွမ်းနိုင်တဲ့ဘက်ကနေ သမိုင်းကပေးလာတဲ့တာဝန်ကို ထမ်းဆောင်ခဲ့ကြတဲ့ ဦးဘဖေလို လူငယ်တွေကြောင့်သာ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်လှမ်းနိုင်ကြတာဖြစ်ပါတယ်။ သူတို့ခေတ်မှာ သူ့လိုလူငယ်တွေ သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြောင်း ဝိုင်အမ်ဘီအေက သက်သေကောင်းပဲဖြစ်ပါတယ်။

သခင်အောင်ဆန်းဆိုတဲ့လူငယ်တစ်ဦးဟာ သူ့ကျွန်ဘဝကလွတ်မြောက်အောင် ပြောင်မြောက်တဲ့ သမိုင်းပေးတာဝန်ကို ထမ်းဆောင်နိုင်ခဲ့တဲ့အတွက် လွတ်လပ်ရေးရရှိတယ်ဆိုတဲ့အကျိုးကို ရရှိခဲ့ပါတယ်၊ ဒီနောက်မှာ ရန်ကုန်အစိုးရလို့ ခနဲ့ခနဲ့ဆိုခဲ့ရတဲ့ ပြည်တွင်းမငြိမ်မသက်မှုတွေနဲ့ တရုတ်ဖြူအရေးအခင်းလို ပြည်ပကျူးကျော်မှုတွေကြုံလာတိုင်း လူငယ်တွေဟာ ကိုယ်ကျိုးစွန့်ပြီး နိုင်ငံ့တာဝန်ကိုထမ်းဆောင်ခဲ့ကြပါတယ်။ ဒီနေ့ခေတ်မှာလည်း ပြည်တွင်းသစ္စာဖောက်တွေကြောင့် ယိုင်နဲ့လာတဲ့နိုင်ငံအခြေအနေကို ထူမတ်နိုင်ဖို့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံ့တာဝန်ကို ဦးလည်မသုန် တာဝန်ထမ်းဆောင်နေတဲ့ လူငယ်တွေရှိနေပါပြီ။ သူတို့တွေကလည်း ခေတ်သမိုင်းကပေးတဲ့တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ကြသူတွေဖြစ်လို့ ဦးညွှတ်အလေးပြုအပ်ပါတယ်။

လူငယ်တိုင်းဟာ သူရောက်ရှိရာခေတ်တွေရဲ့ သမိုင်းပေးတာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်နိုင်ကြတဲ့အတွက် နိုင်ငံတော်ကြီးဟာ တစ်ဆင့်ချင်းစီ တိုးတက်ခေတ်မီလာခဲ့ပါတယ်။ လူငယ်တစ်ယောက်စီတိုင်းသာ သမိုင်းပေးတာဝန်ကိုငြင်းဆန်ကြမယ်ဆိုရင် နိုင်ငံဆုတ်ယုတ်ပျက်ပြားခြင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်၊ နိုင်ငံကို အမှန်တကယ်ချစ်တယ်ဆိုရင် အလှည့်ကျ မနွဲ့ကြစတမ်း တာဝန်ယူကြရမှာပဲဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံရဲ့ လူဦးရေနဲ့အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ၁၅ နှစ်ကနေ ၆၄ နှစ်အထိ အလုပ်လုပ်နိုင်တဲ့လူဦးရေရာခိုင်နှုန်းဟာ ၆၅ ဒသမ ၆ ရှိပါတယ်။ အင်မတန်များပြားတဲ့ နိုင်ငံ့အင်အား လူငယ်တွေကို ဟုတ်လိမ့်နိုးနိုး မျှော်လင့်ချက်အမှားတွေနဲ့ လမ်းမှားကိုပို့ခဲ့ကြတဲ့ အတုအယောင်နိုင်ငံရေးသမားတွေရှိခဲ့ပါတယ်။ လက်ရှိမှာလည်းရှိနေဆဲပါပဲ။ နိုင်ငံနဲ့လူမျိုးအကျိုးကိုမကြည့်ဘဲ လူငယ်တွေဘဝကို ဖျက်ဆီးခဲ့ကြသူတွေဖြစ်ပါတယ်။

ဒီနိုင်ငံမှာမွေးပြီး ဒီနိုင်ငံမှာကြီးပြင်းကြတဲ့သူတွေတိုင်း နိုင်ငံတော်ကိုချစ်ခင်စောင့်ရှောက်ကြရပါမယ်။ ကာယအား၊ ဉာဏအားတွေနဲ့ တတ်စွမ်းသလောက် နိုင်ငံတိုးတက်ဖို့၊ အေးချမ်းဖို့ စွမ်းဆောင်ကြရပါမယ်။ အလှည့်ကျလာတဲ့ သမိုင်းပေးတာဝန်တွေကို ဦးလည်မသုန်ထမ်းရွက်ဖို့ကလည်း အရေးကြီးပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။ သမိုင်းကပေးလာတဲ့တာဝန်တွေကိုထမ်းဆောင်ရင်း ပိုမိုတောက်ပြောင်တဲ့ဘဝပိုင်ရှင်များဖြစ်လာအောင် ကြိုးစားလိုက်ကြပါလို့လည်း အလေးအနက်မေတ္တာရပ်ခံရေးသားလိုက်ရပါတယ်။ ။

# ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၅

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီမှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လမ်းညွှန်ချက်များအပေါ် ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုအပ်ပြီး အခြားသောဆပ်ကော်မတီများနှင့်လည်း အချိန်မီကြိုတင်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အားနည်းချက်များနှင့် လစ်ဟာမှုများ မဖြစ်ပေါ်စေရေး၊ လုံခြုံရေးနှင့် ကျန်းမာရေးစသည်တို့ကိုလည်း ပြည့်ပြည့်စုံစုံ ဆောင်ရွက်ထားရန်နှင့် လုပ်ငန်းများကို စနစ်တကျဖြင့် စီမံဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီမှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများက မိမိတို့ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်က နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်းသိရသည်။

(၅၀၀)

# ပဲခူးတိုင်းဒေသကြီးအတွင်း အခွန်အရပ်ရပ် တိုးတက်ကောက်ခံရရှိရေးနှင့် မြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ဆောင်ရွက်ရေးဆွေးနွေး

ပဲခူး ဒီဇင်ဘာ ၅

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း အခွန်အရပ်ရပ် တိုးတက်ကောက်ခံရရှိရေးနှင့် မြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ဆောင်ရွက်ရမည့်လုပ်ငန်းများမှ အခွန်တိုးတက်ကောက်ခံရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက နှစ်အလိုက် လျာထားအခွန်ဘဏ္ဍာများ တိုးတက်ကောက်ခံရရှိခဲ့မှု အခြေအနေများအားလည်းကောင်း၊ တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးက ပဲခူးတိုင်းဒေသကြီးအတွင်း အခွန်အရပ်ရပ်တိုးတက်ကောက်ခံရရှိရေးနှင့် မြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ဆောင်ရွက်ရမည့်လုပ်ငန်းများမှ အခွန်တိုးတက်ကောက်ခံရရှိရေးဆောင်ရွက်သွားမည့်လုပ်ငန်းစီမံချက်အား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဌာနအလိုက် အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အခွန်အရပ်ရပ် တိုးတက်ကောက်ခံရရှိရေးနှင့် မြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ဆောင်ရွက်ရမည့်လုပ်ငန်းများမှ အခွန်တိုးတက်ကောက်ခံရရှိရေး ဝိုင်းဝန်းအကြံပြုတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့်ယှဉ်တွဲ၍ လုပ်ငန်းတစ်ခုချင်းအလိုက် အခွန်ဝင်ငွေတိုးတက်ရရှိရေး ဆောင်ရွက်သွားရမည့် နည်းလမ်းများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၄၀၁) တင်စိုး(ပဲခူး)

# အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီမှကြီးမှူး၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိအမျိုးသမီးကလေးများသင်တန်းကျောင်း (မလိခ) ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီ နာယက/ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၊ အမျိုးသမီးအားကစား ဆပ်ကော်မတီနှင့် လေးကျွန်းသူဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် လူမှုဝန်ထမ်း ဦးစီးဌာနလက်အောက်ရှိ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း (မလိခ)၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း (ထောက်ကြန့်)နှင့်အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာန(တွံတေး) တို့မှ ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသူအဖွဲ့များအား လူမှုဝန်ထမ်းဦးစီးဌာနနှင့် တက်ရောက်လာကြသည့် အသင်းအဖွဲ့များမှ အလှူငွေနှင့် အဝတ်အထည်များ လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# နေပြည်တော်ကောင်စီနယ်မြေ တဲကြီးကုန်းကျေးရွာ၌ Suryakiran နေကြာမျိုးစိုက်ပျိုးနေမှုကို ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၅



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာရှိ တောင်သူဦးကျော်မြင့်ဦး၏ လယ်မြေ ၅ ဧက၌ ရှုရှားရွက်ဖျန်းသဘာဝမြေဩဇာ၏ အသုံးပြုမှုနည်းစနစ်အတိုင်း Suryakiran အိန္ဒိယမျိုးနေကြာမျိုးစေ့များကို ၄င်းရွက်ဖျန်းအားဆေးရည်၌ ၂၄ နာရီစိမ်ပြီး အစေ့ချစိုက်ပျိုးခြင်းနှင့် မြေခံမြေဩဇာထည့်သွင်းခြင်းတို့ဖြင့် စံပြစိုက်ကွက်အဖြစ် စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လယ်ယာဂုဏ်ဆောင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပန်းတိုင်အထွက်နှုန်းရရှိအောင်ကြိုးပမ်းစိုက်ပျိုးကြရန် တိုက်တွန်းမှာကြားပြီး အသင်းသားတောင်သူများထံ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ ပေးအပ်သည်။

လာမည့် ၂၀၂၅ ခုနှစ်တွင် စားအုန်းဆီ တင်သွင်းမှုလျှော့ချပြီး ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ နေကြာ၊ မြေပဲ၊ နှမ်းတို့ကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးလျက်ရှိရာ သမဝါယမအသင်းစုချုပ်များ၊ အသင်းစုများသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ အသင်းပိုင်ငွေတို့ဖြင့် နေကြာစိုက်ဧက ၁၁၀၀၀၀ ပါဝင်စိုက်ပျိုးသွားမည်ဖြစ်ပြီး ထွက်ရှိလာသော နေကြာသီးနှံများကို သမဝါယမအသင်းပိုင်ဆီစက်များဖြင့် ကြိတ်ခွဲဖြန့်ဖြူးရောင်းချရေး၊ တောင်သူများအတွက် သီးနှံဈေးကွက်ဖော်ဆောင်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် အတူ ညနေပိုင်းတွင် လယ်ဝေးမြို့နယ် TC-2 အားကစားကွင်း၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲအဖြစ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၅

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီ ၅၁ ပါတီမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံနှင့် သဟဇာတဖြစ်နိုင်မည့် ဖက်ဒရယ်စနစ်ကျင့်သုံးနိုင်ရေးအတွက် လေ့လာတွေ့ရှိချက်များနှင့် မတူကွဲပြားမှုများကို နားလည်လက်ခံပြီး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ညှိနှိုင်းဖြေရှင်းသွားနိုင်ရေး၊ ဒေသစွဲ၊ လူမျိုးစွဲ၊ အယူဝါဒစွဲများ ပပျောက်ပြီး အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးဝါဒများ ထွန်းကားလာစေရေး၊ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံခဲ့မှုအခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့် ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံရေးပါတီများနှင့် ဆွေးနွေးမှုအခြေအနေများ၊ NCA ကိုအခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်မှုအခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပြည်သူလူထုအကြား ပျံ့နှံ့ရောက်ရှိစေပြီး တည်ငြိမ်အေးချမ်းမှုရရှိအောင်ဆောင်ရွက်နိုင်ရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ရည်မှန်းချက်နှင့် ဆွေးနွေးပွဲအစီအစဉ်များ၊ NSPNC ၏ ဖွဲ့စည်းမှု၊ ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲဆောင်ရွက်မှုအခြေအနေများ၊ NSPNC နှင့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ၊ နိုင်ငံရေးပါတီများ ခိုင်မာအားကောင်းလာစေရေးနှင့် ပါတီဝင်များ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေးကိစ္စတို့အား ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုဝင်ဘာလ ပထမပတ်အတွင်း အိန္ဒိယနိုင်ငံသို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပွဲခရီးစဉ်သွားရောက်ခဲ့သည့် နိုင်ငံရေးပါတီကိုယ်စားလှယ်ခြောက်ဦးက အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတနှင့် အုပ်ချုပ်ရေးမှူးများ၏အခန်းကဏ္ဍ၊ ဖက်ဒရယ်ပြည်ထောင်စုပြန်လည်ဖွဲ့စည်းခြင်း၊ ဖက်ဒရယ်အာဏာခွဲဝေမှုနှင့် အခွန်အခခွဲဝေမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒေသတွင်း အတွေ့အကြုံများ၊ ဒေသတွင်းကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်၊ ခေတ်မီနိုင်ငံတစ်ခုအတွင်း ဘာသာစကား၊ အခြားကွဲပြားမှုများနှင့် လိုက်လျောညီထွေနေထိုင်ခြင်း ခေါင်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များအားမေးမြန်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်(ငြိမ်း)က ကော်မတီနှင့်နိုင်ငံရေးပါတီအစုအဖွဲ့များ၏အလုပ်အဖွဲ့တို့အကြား ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်နိုင်ရေး သဘောထားစုစည်းရရှိခဲ့သည့်အချက်များအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီကိုယ်စားလှယ် ၁၅ ဦးက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍သဘောထားများ၊ အကြံပြုချက်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားကြပြီး တွေ့ဆုံပွဲပထမနေ့ကို ရပ်နားခဲ့သည်။

တွေ့ဆုံပွဲဒုတိယနေ့ကို ဒီဇင်ဘာလ ၆ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လေ့လာ







နေပြည်တော် ဒီဇင်ဘာ ၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လေကြောင်းခရီးဖြင့်ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်နှင့် တာဝန်ရှိသူများက ပုဂံ-ညောင်ဦး လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည်ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံဘုရား၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရားတို့သို့ သွားရောက်ဖူးမြော်ကြပြီး ပုဂံမြို့သစ်ရှိ ဦးဘညိမ်းယွန်းထည်ဆိုင်နှင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့ကို သွားရောက်လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ပုသိမ်မြို့သို့ရောက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများက ပုသိမ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ငွေဆောင်အပန်းဖြေဆင်စခန်း၌ ဆင်လိမ္မာများ၏ဆင်အလှပြကွက်များကို ကြည့်ရှုအားပေးကြပြီး ငွေဆောင်ကမ်းခြေကို လှည့်လည်ကြည့်ရှု၍ အပန်းဖြေကြသည်။

ညပိုင်းတွင် ESKALA ဟိုတယ်၌ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် မသန်စွမ်းရေကူး အမျိုးသား S4/5မီတာ(၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်တစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်အားပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေ မသန်စွမ်းရေကူး အမျိုးသား S6/7 မီတာ (၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှာဝတီ တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်တစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစား ပွဲတော်အထိမ်းအမှတ်အရုပ်အားပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မသန်စွမ်းရေကူး အမျိုးသား S9/10 မီတာ (၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်တစ်ဦး ကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။

➪ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမှုထန်၊ ဒေါက်တာဘရှွေ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများတက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲယှဉ်ပြိုင်မှုများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးထိန်လင်းက မသန်စွမ်းရေကူးအမျိုးသမီး S6/10 မီတာ(၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး က အမျိုးသား S9/10 မီတာ(၅၀) ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မသန်စွမ်းရေကူး အမျိုးသား S9/10 မီတာ(၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယနှင့်တတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေက မသန်စွမ်းရေကူး အမျိုးသား S6/7 မီတာ (၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား S6/7 မီတာ(၅၀) ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က မသန်စွမ်းရေကူး အမျိုးသား S4/5 မီတာ (၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား S 4/5 မီတာ(၅၀) ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ခွန်စံလွင်၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် လယ်ဝေး TC-2 အားကစားကွင်းဘော်လီဘောရုံ၌ မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်အားကစားသမားများ၏ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို လယ်ဝေးTC-2 အားကစားကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမျိုးသားသံလုံးပစ် F 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ က အမျိုးသမီး သံပြားပစ် F 54/55 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသားသံလုံးပစ် F 46 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှာဝတီတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားတန်းမြင့်ခုန် F 42 ပြိုင်ပွဲတွင် ပထမဆုရရှိသည့်ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ(၁၅၀၀) T 46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် က အမျိုးသား သံပြားပစ် F 56/57 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ (၂၀၀) T 64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်က အမျိုးသမီးသံလုံးပစ် F 44/62/63/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ အမျိုးသမီးမီတာ (၂၀၀) T44/64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့်

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုမြင်ကွင်းပုံရိပ်များ


မသန်စွမ်း အမျိုးသားလှံတံပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။


မသန်စွမ်းအမျိုးသမီး အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။


မသန်စွမ်းအမျိုးသားအပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။


မသန်စွမ်း အမျိုးသမီးသံပြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။


မသန်စွမ်း အမျိုးသားသံလုံးပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။


မသန်စွမ်း အမျိုးသားအပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။


မသန်စွမ်း အမျိုးသား/အမျိုးသမီး မျက်မမြင်စစ်တုရင်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။


မသန်စွမ်း အမျိုးသား/အမျိုးသမီး မျက်မမြင်စစ်တုရင်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။


မသန်စွမ်း အမျိုးသားတန်းမြင့်ခုန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။


မသန်စွမ်း ရေကူး အမျိုးသား ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



မသန်စွမ်း ရေကူး အမျိုးသား ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။

ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသားလှံတံပစ် F 62/63 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ (၂၀၀) T46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများဖြစ်သည့် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး ရေကူးပြိုင်ပွဲ၊ အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီး မျက်မမြင်စစ်တုရင်ပြိုင်ပွဲများကိုလည်း ဒီဇင်ဘာလ ၆ ရက်နှင့် ၈ ရက်တို့တွင် သက်ဆိုင်ရာ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Myanmar exports over 1.7 million tons of rice, broken rice in the past eight months of this FY



YANGON December 5

Myanmar's rice and broken rice exports totalled over 1.7 million tons in the past eight months of the current financial year 2024-2025 beginning 1 April, with an estimated value of US$-804 million, statistics of the Myanmar Rice Federation (MRF) showed.

The export volumes are 111,862 tons worth US$-55 million in April, 71,279.5 tons worth US$-36 million in May, 162,325.75 tons worth US$-84 million in June, 165,444 tons worth US$-81 million in July, 207,369 tons worth US$-97 million in August, over 219,560 tons worth US$-104 million in September, 424,784.27 tons of rice worth US$-189 million in October and over 334,530 tons worth US$-156 million respectively.

Myanmar exported over 1.6 million tons of rice by sea and 30,000 tons through border posts.

The federation aims to achieve 2.5 million tons of rice exports in the 2024-2025 financial year (April-March).

The Ministry of Commerce has been cooperating with departments and institutions concerned to achieve export targets and beyond, depending on the supply volume of rice, broken rice, pulses, corn, rubber and fisheries from the respective companies.

Ministry of Commerce is working together with the Union of Myanmar Federation of Chambers of Commerce and Industry, Myanmar Rice Federation, Myanmar Pulses, Beans, Maize and Sesame Seeds Merchants Association, Myanmar Garment Manufacturers Association, Myanmar Industries Association, Myanmar Rubber Planters and Producers Association, Myanmar Fisheries Products Processors and Exporters Association to meet monthly export targets and facilitate exports.

The federation is projected to achieve 2.5 million tons of rice export in the FY 2023-2024, generating earnings of US$-1 billion. However, rice exports fell short of the target with 1.6 million tons worth US$-845 million.

The Central Bank of Myanmar's monetary policy to control export earnings impeded rice exports, hurting exporters financially. The El Nino weather condition also hampered rice export, the Myanmar Rice Federation chairperson affirmed.

Myanmar exported 2,261,203 tons of rice and broken rice to foreign trade partners in the past 2022-2023 FY (April- March), valued at approximately US$-853.472 million.

SK

# Business people supply 65,000 bags of broken rice to Yangon market

BOGALE December 5

Merchants from Bogale Township of Ayeyawady Region sold 65,000 bags of broken rice to Yangon market, said Daw Aye Aye, the owner of rice and paddy trading wholesale centre in Bogale Township.

They sold 40,000 bags of broken rice to Yangon in September but 65,000 bags in October because of high demand from merchants of Yangon.

Daw Aye Aye, the owner of the rice and paddy wholesale centre in Bogale Township commented: "Merchants from Bogale Township primarily sell broken rice to Yangon market only. As they could sell broken rice to Yangon, they can earn increased incomes."

Due to high demand of merchants from Yangon, those in trading chain of broken rice are convenient in earning incomes for their families.

SMK

# Farmers finish reaping monsoon sesame on more than 3,000 acres of croplands

MYINMU December 5

A total of 3,955 acres of monsoon sesame plantations have been harvested in Myinmu Township of Sagaing Region this year, according to the statistics of Sagaing District Department of Agriculture.

In 2024-2025 monsoon season, they planted 19,053 acres of monsoon sesame in Myinmu Township. So far, they have harvested 3,955 acres of monsoon sesame, which yielded 18 baskets per acre.

Daw Thida Lwin, Head of Sagaing District Department of Agriculture explained: "Local authorities earmarked 19,050 acres of monsoon sesame in Myinmu Township but local farmers 19,053 acres of crops exceeding the target cultivation. So far, they have harvested more than 3,000 acres of monsoon sesame with a high yield. Officials of the township department provided agricultural techniques for local farmers to have high yield of crops."

This year, officials of Myinmu Township Agriculture Department raised farmer awareness for expansion of sown acreage for sesame, irrigation facilities, use of GAP system and quality strains of crops.

The crops produced through GAP system can fetch good prices and high quality, grasping market shares in domestic and international markets.

SK

# Farmers complete harvesting maize and corns in Kalay Township

KALAY December 5

Statistics of Kalay Township Agriculture Department mentioned that a total of 21,524 acres of maize and corns as monsoon crops in Kalay Township of Sagaing Region this year.

Local authorities earmarked 17,254 acres of maize and 6,028 acres of corns, totalling 23,282 acres in Kalay Township in 2024-2025 monsoon season. But, local farmers have planted 16,572 acres of maize and 6,307 acres of corns, totalling 22,879 acres, against the target cultivation. They harvested 16,572 acres of maize, yielding 67.02 baskets per acre and 4,952 acres of corns, yielding 15,000 pieces of corns.

U Naing Tun Win, Head of Kalay Township Department of Agriculture said: "This year, local farmers grew 22,879 acres of maize and corns in Kalay Township. So far, they have harvested 21,524 acres of crops with high yield of crops. We helped local farmers thrive crops and prevent pests with agricultural techniques."

This year, officials of the Township Agriculture Department conducted training courses for ensuring capacity enhancement of staff members and local farmers to grow maize and corns in the township. Moreover, the department provided techniques of prevention of pests and making natural fertilizers and pests.

In Kalay Township, maize yielded 60 baskets per acre. It needs to cost Ks-500,000 per acre. Corns yielded 15,000 pieces of corns, costing Ks-500,000 per acre.

SMK

# State Administration Council

## Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# More than 15,000 acres of green gram harvested in Wetlet Township

WETLET December 5

Statistics of Wetlet Township Agriculture Department stated that local farmers have harvested 15,945 acres of monsoon green gram in Wetlet Township of Sagaing Region.

Local authorities earmarked 38,525 acres of monsoon green gram in Wetlet Township for 2024-2025 monsoon season but farmers have so far planted 38,524 acres of crop against the target cultivation. They started harvesting green gram in August this year and produced 16.77 baskets per acre.

Daw Kyin San, Head of Wetlet Township Agriculture Department unveiled: "Local farmers grew 38,524 acres of monsoon green gram this year. They are harvesting the crops. So far, they have raped 15,000 acres of green gram. We have plans to educate local farmers to expand sown acreage of green gram and use quality strains of crops for boosting per-acre yield of crops."

Officials of the Township Agriculture Department raised farmer awareness for using quality strains of crops suitable for the region, applying agricultural techniques, preventing pests, systematically broadcasting fertilizers and boosting per-acre yield of crops.

**SMK**

# More than 170,000 acres of monsoon paddy planted in Dedaye Township this monsoon

DEDAYE December 5

A total of 174,930 acres of monsoon paddy has been planted in Bogale Township of Ayeyawady Region meeting the target cultivation this monsoon, said U Zaw Min Tun, Head of Dedaye Township Agriculture Department.

Local farmers started cultivation of monsoon paddy on 174,930 acres of farmlands in the first week of June. So far, they have completed monsoon paddy on all sown acreage. In this regard, local farmers cooperated with officials of Agriculture Department in growing monsoon paddy, counting for a cent percent.

U Zaw Min Tun emphasized: "Our department helped local farmers make preparations for cultivation of monsoon paddy this monsoon for them to overcome difficulties in cultivation. Moreover, we train them to make natural fertilizers to cut the cost of using fertilizers. So, they completed cultivation of monsoon paddy in all sown acreage."

This monsoon, local farmers used Emahta, Pawsan Ayeyamin, Pakhan, Shwethweyin, GW11-GW-1 and other paddy strains in growing monsoon paddy this year. These paddy strains are aligned with the soil and grasp firm market shares. Efforts are being made to produce more than 100 baskets of paddy per acre.

**SMK**

# Traders sent 71,000 viss of sturgeon to Yangon market

NYAUNGDON December 5

Local businesspersons and fishermen from Nyaungdon Township of Ayeyawady Region dispatched 71,000 viss of sturgeon fish to Yangon market in October, said Daw Win Htay, the owner of fishery product commodity centre in Nyaungdon Township.

They sold 50,000 viss of fish to Yangon market in September and 71,000 viss in October due to high demand from Yangon market.

Daw Win Htay remarked: "At present, prices of sturgeon fish are good. Due to lesser volume of fish to the commodity centre and high demand, local businesspersons could sell sturgeon fish to Yangon market. Since the first week of October, demand of sturgeon fish has been hiking in Yangon market. But, prices of such fish do not too much rise."

Local businesspersons purchase marine products from local fishermen and sell them to Yangon market which distribute fishery products to other regions.

**SK**

# South Korean ruling party vows to fight impeachment against President Yoon

SEOUL December 5

South Korea's main opposition Democratic Party of Korea said Thursday that it will push for vote Saturday for an impeachment motion against President Yoon Suk-yeol over his shocking yet short-lived imposition of martial law.



Cho Seung-rae, the main opposition's senior spokesperson, said it plans to hold a vote on the motion at around 7 p.m. local time Saturday to give ruling party lawmakers enough time to deliberate over their decision on Yoon's actions, Yonhap news agency reported.

The Democratic Party, which holds a majority in the 300-seat parliament, has submitted the impeachment motion with the backing of five smaller opposition parties, arguing Yoon's martial law declaration constituted violations of the constitution and other laws.

The vote on the impeachment motion requires a two-thirds majority to pass, which would need eight of the 108 ruling party lawmakers to vote with opposition parties. If it passes, the Constitutional Court would then decide whether to uphold the motion, with a decision required within 180 days.

During a meeting on Wednesday with key political figures, including Prime Minister Han Duck-soo, Yoon said there was "no wrongdoing" in the declaration of martial law and dismissed allegations of any impropriety, emphasizing that it was solely intended to prevent what he described as the Democratic Party's "reckless impeachment actions," local media reported.

Several high-profile cabinet ministers have expressed their intention to step down. Earlier on Thursday, Yoon accepted the resignation of his defense minister Kim Yong-hyun and nominated his ambassador to Saudi Arabia, Choi Byung-hyuk, as a replacement, the presidential office said.

Meanwhile, South Korean police launched an investigation into a case of Yoon's treason charge, a senior police officer said Thursday.

Police have begun investigating the president for alleged "insurrection" following his declaration of martial law and subsequent lifting, which has sparked widespread political turmoil. Woo Jong-soo, head of the National Office of Investigation of the National Police Agency, confirmed that "the case has been assigned."

Yoon shocked the country by declaring emergency martial law Tuesday night, claiming to eradicate "anti-state" forces, only to lift the order six hours later after being rejected by 190 lawmakers in parliament.

On Wednesday night, demonstrators in downtown Seoul held a candlelight vigil and marched towards the presidential office against Yoon, demanding that he step down.

**Xinhua**

# Ukrainian Colonel led poisonous munitions attack on Kursk Region - Russian Investigators



MOSCOW December 5

Ukrainian Col. Pavlo Rozlach was in charge of an attack on Russia's Kursk Region with cluster munitions filled with poisonous substances, the Russian Investigative Committee told Sputnik on Thursday.

"The Russian Investigative Committee has opened a criminal case against the commander of the 80th separate airborne assault brigade of the Ukrainian armed forces, Col. Pavlo Rozlach. He is accused in absentia of committing a terrorist act in the Kursk Region and using weapons of mass destruction prohibited by an international treaty of the Russian Federation," the committee said. **Sputnik**

# India successfully launches rocket carrying European satellites

NEW DELHI December 5

India's space agency, the Indian Space Research Organization (ISRO), on Thursday successfully launched a mission on the PSLV-C59 rocket carrying European Space Agency's Proba-3 satellites, the ISRO confirmed.

The launch was carried out from the Satish Dhawan Space Centre in the Sriharikota area in the southern state of Andhra Pradesh.

The two satellites of Proba-3 mission onboard the PSLV rocket got separated successfully a few minutes after the launch, ISRO said in a post on X (erstwhile Twitter. **Xinhua**

# Former Jihadist shares how Ukraine supports Islamic terrorism



MOSCOW December 5

Ukrainian instructors trained Syrian terrorists to use kamikaze drones against the Russian army in Idlib and across Syria, a defector from the terrorist group Hay'at Tahrir al-Sham* (formerly known as Jabhat al-Nusra*) told Sputnik.

The former member of the radical organization, who spoke under the pseudonym Abu Muhammad al-Idlibi, agreed to an interview with Sputnik.

"After completing the training, we learned that the attending experts were of Ukrainian nationality. They trained young militants to use kamikaze drones against the positions of the Russian army in Idlib and throughout Syria," al-Idlibi said.

A full investigation into Kiev's involvement in terrorism in Syria will be available on the Sputnik website and its Telegram channel on Thursday.

**Sputnik**

# US wants to return NATO on political scene by escalating Cold War with Russia - Lavrov

VALLETTA December 5

The United States wants to bring NATO back to the political scene by escalating the Cold War with Russia, Russian Foreign Minister Sergey Lavrov said on Thursday.

The US and its allies have thrown away all arms control agreements concluded in the 1980s, the minister said during his address at the plenary session of the OSCE foreign ministers' meeting.

"The question is why? The answer is obvious to us — to please the desire to return NATO to the political scene. After the Afghan disgrace, a new unifying enemy was needed. The result is a reincarnation of the Cold War, only now with a much greater risk of it going into a hot phase," Lavrov said.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Experts discover infection that hits millions a year could be behind explosion in young bowel cancer cases




A revolutionary vaccine that destroys specific strains of the bacteria E.coli could cut the risk of bowel, bladder and prostate cancers, according to scientists.

Research has suggested increasing cases of certain cancers in the UK could be linked to the bug — which is well-known for causing food poisoning, as well as urinary tract and blood infections.

The particularly harmful strains produce a DNA-damaging chemical called colibactin that has been linked to several types of cancer, including bowel cancer.

Vaccinating people to prevent them from becoming infected could offer 'huge public health benefits', researchers said, including lowering cancer risk.

The sharp rise in young people being diagnosed with cancer is a trend that's baffling doctors.

Bowel cancer is the second most common cause of cancer death in the UK with around 16,800 deaths a year. But over the last 30 years cases have surged by 52 percent in 25-49 year-olds, according to studies.

The mystery surge is thought to be linked to obesity, sedentary lifestyles and junk food consumption.

Cases of prostate cancer have also increased by 622 percent in 25-49 year-olds since the early 1990s and more than 55,000 cases are diagnosed a year in the UK across all age groups, Cancer Research says.

Although overall cases of bladder cancer have actually decreased by 23 percent in the UK between 2000-2002, more than 10,000 people are diagnosed with the disease every year, according to Cancer Research.

But a vaccine to tackle E.coli — a diverse group of bacteria that are normally harmless and live in the intestines of humans and animals — could reduce these numbers, a study published in the Lancet Microbe has revealed.

In the study researchers used international surveillance data to track different strains that had infected patients across different countries, including the UK, Norway, Pakistan and Bangladesh.

The academics were especially interested in two strains that are more common in industrialised countries and cause infections of the bloodstream and urinary tract, rather than the digestive system.

These countries also have higher levels of bowel, bladder and prostate cancers, according to researchers.

The team's analysis showed these strains were much rarer in countries such as Bangladesh and Pakistan, where cases of bowel, bladder and prostate cancers are also lower.

Senior author Professor Jukka Corander, of the Wellcome Sanger Institute, University of Oslo, and the University of Helsinki, said: We have been using large-scale genomics to track E.coli strains across multiple countries for the last five years, using data that goes back to the early 2000s.

'This has allowed us to start to see the possible connections between two E.coli strains and cancer incidence rates.'

Previous research has linked the DNA-damaging chemical called colibactin produced by certain strains of E.coli to several types of cancers.

Researchers note one 2020 study where tumour samples collected from patients with colorectal cancer had mutations that showed signs of the chemical colibactin.

Other studies have shown that colibactin can fuel the development of prostate and bladder cancers.

Researchers say this indicates a plausible link to an increased risk of all three cancers.

Study authors have suggested that interventions that will eradicate these two strains of E.coli, such as a vaccine, could be hugely effective at cutting cancer rates.

Another option suggested in the study is a 'therapeutic probiotic' to help destroy these two E.coli strains from the human gut, with the aim of removing them from the population entirely.

Dr Tommi Maklin, of the University of Helsinki and the Wellcome Sanger Institute, who worked on the study, added: 'E.coli can be found around the world, in many different forms, and understanding how strains of this bacteria impact humans differently can give us a more complete picture of health and disease.

'Having access to global genomic data on which strains are found in an area can uncover new trends and possibilities, such as strains in industrialised countries potentially being linked to the risk of certain cancers.

'We also need to keep ensuring that countries and regions around the world are included in genomic surveillance research so that everyone benefits from new discoveries.'

Professor Corander said he hopes the findings unlock a way of potentially eradicating E.coli which produce colibactin — a chemical which has been linked to bowel cancer.

'Science is not a stand-alone endeavour and by working together with cancer and microbiome experts, we are hopeful that in the future this work might lead to new ways to eradicate colibactin-producing E.coli strains,' he said.

'Vaccines or other interventions that target these E.coli strains could offer huge public health benefits, such as reducing the burden of infections and lessening the need for antibiotics to treat these, as well as reducing the risk of cancers that could be linked to the effects of colibactin exposure.'

Dr Trevor Lawley, of the Wellcome Sanger Institute, said: In the future, it could be possible to develop therapeutic probiotics that help to displace unwanted bacterial strains, such as the ones that release colibactin.

'Understanding more about the interactions between E.coli and cancer risk highlights the impact our microbiome has on our health and is a crucial avenue to explore if we want to work with our bodies to help combat certain conditions.'

**Mail Online**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုမြင်ကွင်းပုံရိပ်များ



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ကချင်ပြည်နယ် အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ကချင်ပြည်နယ် အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဖူဆယ်ဘောလုံး ပြိုင်ပွဲတွင် မွန်ပြည်နယ် အသင်းနှင့် တနင်္သာရီ တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင် ပြိုင်ပွဲတွင် ချင်းပြည်နယ် အသင်းနှင့် ပြည်ထောင်စု နယ်မြေ နေပြည်တော် အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ကြက်တောင် ပြိုင်ပွဲတွင် ဧရာဝတီ တိုင်းဒေသကြီး အသင်းနှင့် ပြည်ထောင်စု နယ်မြေ နေပြည်တော် အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ကချင်ပြည်နယ် အသင်းနှင့် စစ်ကိုင်းတိုင်း ဒေသကြီး အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ကြက်တောင် ပြိုင်ပွဲတွင် ကချင်ပြည်နယ် အသင်းနှင့် တနင်္သာရီ တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၄ နှစ်အောက် အမျိုးသား ဘတ်စကက်ဘော ပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီး အသင်းနှင့် စစ်ကိုင်း တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်စဉ်။

# တရုတ်နိုင်ငံမှ ဗုဒ္ဓစွယ်တော်မြတ် ထိုင်းနိုင်ငံသို့ အပူဇော်ခံရောက်ရှိ

**ဘန်ကောက်၊ ဘာသာရေး**

တရုတ်နိုင်ငံ၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓစွယ်တော်မြတ်သည် ထိုင်းနိုင်ငံသို့ အပူဇော်ခံရောက်ရှိလာကြောင်း သိရသည်။

ထိုင်းနိုင်ငံဘုရင်၏ မွေးနေ့အထိမ်းအမှတ်နှင့် တရုတ်-ထိုင်း နှစ်နိုင်ငံဆက်ဆံရေးတည်ထောင်မှု နှစ် ၅၀ ပြည့်အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံက ထိုင်းနိုင်ငံသို့ ဗုဒ္ဓစွယ်တော်မြတ်ကို ပင့်ဆောင်ခွင့်ပြုခြင်းဖြစ်သည်။

ဗုဒ္ဓစွယ်တော်မြတ်ကို ပင့်ဆောင်လာသည့်အထူးလေယာဉ်သည် ဒီဇင်ဘာလ ၄ ရက်မွန်းလွဲပိုင်းတွင် ဘန်ကောက်မြို့ရှိ တပ်မတော်လေဆိပ်သို့ဆိုက်ရောက်ကာ ထိုမှတစ်ဆင့် ဆာနမ်လွမ်ကျောင်းတော်သို့ဆက်လက်ပင့်ဆောင်သွားခြင်းဖြစ်ပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ဖယ်ထုန်ထန် ရှင်နာဝပ်ကိုယ်တိုင် ဗုဒ္ဓစွယ်တော်မြတ်ပင့်ဆောင်မှုကိုဦးစီးဆောင်ရွက်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့် ထိုဗုဒ္ဓစွယ်တော်မြတ်ကို နိုင်ငံသို့ပင့်ဆောင်ပူဇော်ခွင့်ရရှိရေးအတွက် တရုတ်အစိုးရနှင့်တရားဝင်သဘောတူညီချက်များစွာ လက်မှတ်ရေးထိုးခဲ့ရပြီး ဗုဒ္ဓစွယ်တော်မြတ်သည် ထိုင်းနိုင်ငံ၌ ဒီဇင်ဘာလ ၄ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်အထိ ၇၂ ရက်ကြာအပူဇော်ခံသွားမည်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာဖြစ်သော ဗုဒ္ဓစွယ်တော်မြတ်သည် နတ်ရွာစံသွားပြီဖြစ်သော ထိုင်းဘုရင် ဘူမိဘောအဒူယာဒက်၏ သက်တော် ၇၅ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ရောက်ရှိအပူဇော်ခံပြီးနောက် ယခုမှ နောက်တစ်ကြိမ်အပူဇော်ခံရောက်ရှိခြင်းဖြစ်ကြောင်းသိရသည်။ **Ref: NT**



# OpenAI က ဒရုန်းဖျက်စနစ်အတွက် AI ကိုတည်ဆောက်ရန် Anduril ကုမ္ပဏီနှင့်ပူးပေါင်း

**ဝါရှင်တန်ဒီစီ၊ လုံခြုံရေး**

ဉာဏ်ရည်တု (AI) နည်းပညာကိုတစ်ခေတ်ဆန်းသစ်စေသော OpenAI ကုမ္ပဏီက ဒရုန်းဖျက်စနစ်များအတွက် AI ကို တည်ဆောက်ရန် စစ်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော Anduril နှင့်ပူးပေါင်းလိုက်ပြီဖြစ်ကြောင်းသိရသည်။



Anduril ကုမ္ပဏီအနေဖြင့် မောင်းသူမဲ့ဝေဟင်ခြိမ်းခြောက်မှုများ၊ အကြီးစားဒရုန်းများကို ကောင်းစွာထောက်လှမ်းတုံ့ပြန်နိုင်ရေးအတွက် OpenAI ကုမ္ပဏီ၏ နည်းပညာအပေါ်မှီခိုသွားမည်ဖြစ်သည်ဟု အဆိုပါကုမ္ပဏီများက ဒီဇင်ဘာလ ၄ ရက်တွင်ထုတ်ပြန်ထားသည်။

ခေတ်သစ်စစ်ပွဲများတွင် ဒရုန်းများက အရေးပါသောအခန်းကဏ္ဍမှပါဝင်လာစဉ် Anduril ကုမ္ပဏီက ယခုကဲ့သို့ AI နည်းပညာအသုံးပြု၍ ဒရုန်းများကိုထောက်လှမ်းတိုက်ဖျက်ရန် စီစဉ်လာခြင်းဖြစ်သည်။

ယခုကဲ့သို့ ကုမ္ပဏီနှစ်ခုကြားပူးပေါင်းရခြင်းသည် အမျိုးသားလုံခြုံရေးလုပ်ငန်းများအတွက် AI ကိုအသုံးပြုသွားရန်ဖြစ်ပြီး ထိုသို့ပူးပေါင်းမှုကြောင့် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များတွင် နိုင်ငံများကြားကွာဟမှုကို ဖြည့်ဆည်းပေးနိုင်စေမည်ဖြစ်ကြောင်း Anduril ကုမ္ပဏီ၏အမှုဆောင်ကပြောထားသည်။

**Ref: SCMP**

# အီရန်က တရုတ်၊ ရုရှားတို့နှင့် ဆက်ဆံရေးတိုးမြှင့်၍ ပူးပေါင်းဆောင်ရွက်မည်

**တီဟီရန်၊ ဆက်ဆံရေး**

အီရန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံတို့နှင့်ဆက်ဆံရေးကို တိုးမြှင့်တည်ဆောက်ကာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်သွားမည်ဟု အီရန်သမ္မတက နိုင်ငံသို့အလည်အပတ်ရောက်ရှိလျက်ရှိသော တရုတ်ဒုတိယဝန်ကြီးချုပ်ကို ပြောသည်။

ထို့ပြင် အီရန်နိုင်ငံသည် တစ်ဖက်သတ်ဝါဒကျင့်သုံးပြီး နိုင်ငံတကာဆက်ဆံရေးတွင် အကြွင်းမဲ့အာဏာရှင်ဖြစ်နေသည့် အမေရိကန်၏လုပ်ဆောင်မှုကို တုံ့ပြန်နိုင်ရေးအတွက် တရုတ်၊ ရုရှားတို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း အီရန်သမ္မတကဆက်ပြောသည်။ ထို့အတူ အီရန်နိုင်ငံသည် တရုတ်နှင့်အီရန်တို့ကြား ၂၀၂၁ ခုနှစ်တွင်ရရှိထားသောသဘောတူညီချက်ကို အကောင်အထည်ဖော်မည်ဟု ကတိပြုကြောင်းသိရသည်။ **Ref: SCMP**

## သတင်းတိုကဏ္ဍ

### ရုရှားနှင့်မြောက်ကိုရီးယားတို့ကြား မဟာဗျူဟာမြောက်သဘောတူညီချက် အသက်ဝင်

ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် မြောက်ကိုရီးယားဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့က နှစ်နိုင်ငံကြားမဟာဗျူဟာမြောက်သဘောတူညီချက်အတည်ပြုမှုစာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် ထိုသဘောတူညီချက်က စတင်အသက်ဝင်လာပြီဖြစ်ကြောင်းသိရသည်။

အဆိုပါနှစ်နိုင်ငံကြား သဘောတူညီမှုသည် နှစ်နိုင်ငံပြည်သူများ၏ ချမ်းသာသုခကိုတိုးမြှင့်ပေးနိုင်ပြီး ဒေသတွင်းဖြစ်ပွားနေသောအခြေအနေများကို ပြေလျော့စေမည့် လုံခြုံရေးဆိုင်ရာသဘောတူညီချက်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းဌာနကဖော်ပြထားသည်။

ထို့ပြင် ဒီဇင်ဘာလ ၄ ရက်တွင်စတင်အသက်ဝင်လာသည့်အဆိုပါသဘောတူညီချက်သည်နိုင်ငံတကာမဟာဗျူဟာမြောက်တည်ငြိမ်မှုကို အာမခံနိုင်ကာ လွှမ်းမိုးမှု၊ လက်အောက်ခံအဖြစ်သွတ်သွင်းမှုနှင့်ဖိုလ်ကျစိုးမိုးမှုတို့မပါသောလွတ်လပ်ပြီး နိုင်ငံပေါင်းစုံပါဝင်သည့် ကမ္ဘာ့အစီအစဉ်တစ်ခုဖော်ဆောင်ရေးအတွက် အဓိကကျသည့်တွန်းအားစုတစ်ခုအနေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ **Ref: Sputnik**

### အစ္စရေးက ဟားမက်အဖွဲ့သို့ ပြင်ဆင်ထားသော သဘောတူညီချက်မူကြမ်းကိုပေးပို့

အစ္စရေးအစိုးရက ပြင်ဆင်ထားသောသဘောတူညီချက်မူကြမ်းကို ပါလက်စတိုင်းလွတ်မြောက်ရေးကြိုးပမ်းမှုအဖွဲ့ဖြစ်သည့် ဟားမက်အဖွဲ့သို့ ပေးပို့လိုက်ကြောင်း အစ္စရေးတာဝန်ရှိသူနှစ်ဦး၏ ပြောဆိုချက်ကိုကိုးကား၍ သတင်းဌာနက ဒီဇင်ဘာလ ၅ ရက်တွင်ဖော်ပြထားသည်။

အဆိုပါသဘောတူညီချက်မူကြမ်းတွင် ဟားမက်ကဖမ်းဆီးထားသည့် အစ္စရေးဓားစာခံများကိုပြန်လွှတ်ရေးနှင့် ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးတို့အတွက် အချက်အလက်များပါဝင်ကြောင်း အစ္စရေးတာဝန်ရှိသူများကပြောသည်။

ယင်းသဘောတူညီချက်မူကြမ်းသည် ဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုနှင့် ဝန်ကြီးအများအပြားအပြင် လုံခြုံရေးတပ်ဖွဲ့များမှ ခေါင်းဆောင်များကြားတွေ့ဆုံဆွေးနွေးပြီးနောက် သဘောတူထားသည့်အချက်များဖြစ်ကြောင်း သိရသည်။

**Ref: Sputnik**

### ဖိလစ်ပိုင်နိုင်ငံ၏လုံခြုံရေးအတွက် ဂျပန်က ယန်း ၁ ဒသမ ၆ ဘီလီယံထောက်ပံ့ပေး

ဖိလစ်ပိုင်နိုင်ငံ၏လုံခြုံရေးတွင်အသုံးပြုရန်ရည်ရွယ်၍ ဂျပန်အစိုးရက ယန်း ၁ ဒသမ ၆ ဘီလီယံထောက်ပံ့ပေးသည့် သဘောတူညီချက်ကို ဒီဇင်ဘာလ ၅ ရက်တွင် နှစ်နိုင်ငံကြားတာဝန်ရှိသူများက လက်မှတ်ရေးထိုးကြောင်းသိရသည်။

အထူးသဖြင့် ဂျပန်က ဖိလစ်ပိုင်နိုင်ငံ၏ ရေပြင်ပိုင်နက်လုံခြုံရေးကိုတိုးမြှင့်နိုင်ရန်နှင့် ကင်းထောက်စွမ်းရည်များမြင့်မားလာစေရန် အကူအညီပေးခြင်းဖြစ်သည်။

ဂျပန်အစိုးရ၏ နိုင်ငံရပ်ခြားလုံခြုံရေးထောက်ပံ့မှုအစီအစဉ်အရ ဂျပန်ကဖိလစ်ပိုင်သို့ လေထိုးလှေများနှင့် ကမ်းရိုးတန်းရေဒါစနစ်များအပါအဝင် ရေတပ်သုံးစစ်လက်နက်ပစ္စည်းများကို ထောက်ပံ့သွားမည်ဖြစ်သည်။

ယခုထောက်ပံ့မှုသည် ရေပြင်ပိုင်နက်အတွက် အဓိကရည်ရွယ်သော်လည်း ဖိလစ်ပိုင်လေတပ်အနေဖြင့် လေကြောင်းကင်းထောက်ရေဒါစနစ်အတွက် အကူအညီဖြစ်စေမည့် ပစ္စည်းကိရိယာများကိုလည်းလက်ခံရရှိသွားမည်ဖြစ်ကြောင်းသိရသည်။ **Ref: TST**

### ပြင်သစ်နိုင်ငံရေးအကျပ်အတည်းကိုကုစားရန် မက်ခရွန်ကြိုးပမ်းမည်

ပြင်သစ်နိုင်ငံ၌ ကန့်ကွက်မှုများကြားမှ သမ္မတကရွေးချယ်ထားသည့် ဝန်ကြီးချုပ်သည် လွှတ်တော်၏အယုံအကြည်မရှိဟူသောမဲခွဲဆုံးဖြတ်ချက်ဖြင့် ရာထူးမှဖြုတ်ချခံရပြီးနောက်ပြင်သစ်သမ္မတအမ်မန်နူယယ်မက်ခရွန်က ဖြစ်ပေါ်နေသောနိုင်ငံရေးအကျပ်အတည်းကို ကုစားရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်းသိရသည်။

ပြင်သစ်နိုင်ငံသမိုင်း၌ နှစ်ပေါင်း ၆၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် လွှတ်တော်က ဝန်ကြီးချုပ်ကို အယုံအကြည်မရှိအဆိုဖြင့် ရာထူးမှဖြုတ်ချပြီးနောက် မက်ခရွန်အနေဖြင့် နိုင်ငံရေးအကျပ်အတည်းနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။

ပြီးခဲ့သော ကြားဖြတ်လွှတ်တော်ရွေးကောက်ပွဲတွင် မည်သည့်ပါတီကမျှအစိုးရဖွဲ့ရန်လိုအပ်သည့် ကိုယ်စားလှယ်အရေအတွက်မရရှိသော်လည်း မရင်းလီပန်းဦးဆောင်သော လက်ယာစွန်းရောက်အဖွဲ့က ကိုယ်စားလှယ်အများဆုံးဖြစ်သည်။ သို့သော် သမ္မတက မဲရလဒ်ကိုလျစ်လျူရှု၍ မီချဲဘာနီယာကို ဝန်ကြီးချုပ်အဖြစ်ခန့်အပ်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။

**Ref: SCMP**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မြန်မာနိုင်ငံသား ၂၇ ဦးတို့အား ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



တန့်ယန်းမြို့နယ်၌ တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မြန်မာနိုင်ငံသား ၂၇ ဦးတို့အား Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ချိန်လှပါ အမျိုးသား ၁၈ ဦး၏မှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား အားဖျင်(ခ) စောက်ရီချုံပါ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၀ ဦး၏ မှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်သူများအား ဖမ်းဆီးရမိမှုမှ CZ 75 D 9MM အမျိုးအစားပစ္စတိုသေနတ် ၁ လက်၊ ကျည် ၈ တောင့်၊ Beretta 9MM အမျိုးအစားပစ္စတိုသေနတ် ၁ လက်၊ ကျည် ၇ တောင့်၊ Type–81 အမျိုးအစားသေနတ် ၂ လက်၊ ကျည်အိမ် ၃ ခု၊ ကျည် ၄၀ တောင့်၊ ၄၀ မမ ပြောင်း ၁ ခု သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဒီဇင်ဘာ ၅

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒုစရိုက်မှုများ လျော့နည်းပပျောက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးတို့အတွက် နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းနှင့် Online နည်းပညာများအသုံးပြု၍ ပြစ်မှုကျူးလွန်သူများအား ခြေရာခံအတည်ပြုကာ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၊ နောင်ဟီးကျေးရွာရှိ နေအိမ်တစ်လုံး၌ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများ ပူးပေါင်းကာ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းများလုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် အဆိုပါ နေအိမ်အား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ရှာဖွေစစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်း၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ ချိန်လှ(၃၀)နှစ်ပါ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်မြို့နယ်နေ အားဖျင်(ခ)စောက်ရီချုံ(၃၅)နှစ်ပါ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၀ ဦးတို့အား Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းပြုလုပ်ရာတွင်အသုံးပြုသည့် ကွန်ပျူတာမျိုးစုံ ၂၆ လုံး၊ ဆက်စပ်ပစ္စည်း ၂၆ မျိုး၊ Star Link ၁ စုံ၊ ဖုန်းမျိုးစုံ ၁၃၀ လုံးနှင့် CZ 75 D 9MM အမျိုးအစားပစ္စတိုသေနတ် ၁ လက်၊ ကျည် ၈ တောင့်၊ Beretta 9MM အမျိုးအစားပစ္စတိုသေနတ် ၁ လက်၊ ကျည် ၇ တောင့်၊ Type–81 အမျိုးအစားသေနတ် ၂ လက်၊ ကျည်အိမ် ၃ ခု၊ ကျည် ၄၀ တောင့်၊ ၄၀ မမ ပြောင်း ၁ ခု၊ စကားပြောစက် ၆ လုံး၊ ဆိုင်ကယ် ၂ စီး၊ မီးစက် ၁ လုံး၊ WiFi စက် ၃ လုံး၊ DONG FENG ၆ ဘီးယာဉ် ၁ စီးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ ချိန်လှပါ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား အားဖျင်(ခ)စောက်ရီချုံပါ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၀ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး တန့်ယန်းမြို့မရဲစခန်း၌ အီလက်ထရောနစ်ဆက်သွယ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၃(က) ဖြင့်လည်းကောင်း၊ လဝက အက်ဥပဒေပုဒ်မ ၁၃(၁)ဖြင့်လည်းကောင်း အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# လှည်းကူးမြို့မဈေး၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်မှုဆောင်ရွက်




ရန်ကုန် ဒီဇင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ်ရှိ လှည်းကူးမြို့မဈေး မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာလ ၄ ရက်က အဆိုပါဈေး မင်္ဂလာခန်းမ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ လှည်းကူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦးက မီးဘေးလုံခြုံရေးဆိုင်ရာများနှင့် ပတ်သက်၍ အသိပညာပေးပြောကြားကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ခန်းမအတွင်းခင်းကျင်းပြသထားသော မီးသတ်ပစ္စည်းကိရိယာများနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ထို့နောက် ဈေးခန်းမရှေ့ ရန်ကုန်–ပဲခူးလမ်းမပေါ်၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးယုလွင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြသခြင်း၊ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နည်းစနစ်များကို သရုပ်ပြသခြင်း၊ ပိုလန်နိုင်ငံထုတ် မီးငြိမ်းသတ်ယာဉ်(Medium Fire Fighting & Rescue Truck) နှင့် LUF60 ယာဉ်၏ စက်စွမ်းအားသရုပ်ပြသခြင်းများဆောင်ရွက်ကာ တာဝန်ရှိသူတစ်ဦးက အခမ်းအနားတွင် ပါဝင်သရုပ်ပြသကြသော မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေ ငွေကျပ် ၁၀ သိန်း ချီးမြှင့်သည်။

အဆိုပါဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဈေးသူ၊ ဈေးသားများတက်ရောက်ကြကြောင်း သိရသည်။

အေးအေးနွဲ့(ပြန်/ဆက်)

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍဆိုင်ရာလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဘော်နင်းကျေးရွာ တောင်သူ ဦးစိုးဝင်း၏ အာလူးစိုက်ကွင်း၌ ရွှေညောင်မြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၈၅) စက်မှုလယ်ယာစခန်းမှ ကြီးမှူးကျင်းပသည့် အာလူးစိုက်စက်(Potato Planter)ဖြင့် အာလူးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက(Potato Planter)အသုံးပြု၍ အာလူးစိုက်ပျိုးခြင်းဖြင့် မျိုးချခြင်း၊ ပေါင်တင်ခြင်း၊ မြေဖုံးခြင်း လုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်ကြောင်း၊ စက်ကိရိယာဖြင့် စိုက်ပျိုးခြင်းသည် သီးနှံတူးဖော်ချိန်တွင် သီးနှံအထွက်နှုန်းကောင်းခြင်း၊ အရည်အသွေးကောင်းခြင်း၊ လေလွင့်ဆုံးရှုံးမှုနည်းခြင်း စသည့် အကျိုးကျေးဇူးများသည့်အတွက် ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်းတွင် ထုတ်လုပ်ဖြန့်ဖြူးအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကြက်သွန်ဖြူဒေသမျိုး စိုက်ပျိုးနေမှု၊ မုန်ညင်းစိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှု၊ ရွာကြီးကျေးရွာကွင်းအမှတ်(၂၂) နဂါးပတ်တောင်ကွင်းတွင် နေရောင်ခြည်စွမ်းအင်သုံး ရွှေ့လျားဆိုလာ(Mobile Solar)အသုံးပြု၍ ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးထားသည့် အာလူးစိုက်ခင်းတို့ကို ကြည့်ရှုသည်။



ယင်းနောက် တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု ကျောက်နီစိုက်ကွင်းရှိမွေးမြူရေးဇုန် ဇီဝလုံခြုံရေးဂိတ်အနီး တူးဖော်ထားရှိသည့် စက်ရေတွင်းသို့ရောက်ရှိ စစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ မွေးမြူရေးဇုန် ရှင်းလင်းဆောင်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ရောဂါရှာဖွေစစ်ဆေးရေးလုပ်ငန်းများ ကာကွယ်ကုသရေးလုပ်ငန်းများ စနစ်တကျစီမံသွားကြရန် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များဖမ်းဆီးရမိ



၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ဖမ်းဆီးရမိမှု။

**နေပြည်တော် ဒီဇင်ဘာ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း သတင်းရရှိမှု ၅၆ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၁၃ ကြိမ်၊ နောက်ကျသတင်း ၁ ကြိမ်နှင့် ဖမ်းဆီးရမိမှု ၄၂ ကြိမ်ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၇၇ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၅၅ မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် (၁၆၇၈ ဒသမ ၅၀၁)သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့ ရေယာဉ်နှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးငွေကျပ် (၁၆၇၈ ဒသမ ၅၀၁)သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ်(၃၃၅ ဒသမ ၇၀၀)သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန်ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

